ညောင်ဝန်းကျေးရွာ

တံတားဦးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ဝန်းကျေးရွာ၊ တံတားဦးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ညောင်ဝန်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ တံတားဦးမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၄

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသောချိတ်ဆက်မှုများ ၁၅

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၆

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ ၂၁

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြိုးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၄

(က) ကြိုးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၆

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား (၇)　ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈)　ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉)　ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၁၀)　ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁)　ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂)　ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၃)　ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဓရိယာ

ဇယား (၁၄)　အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၅)　ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား (၁၆)　သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇)　သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈)　မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉)　မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀)　မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၁)　စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂)　စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃)　ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား (၂၄)　ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၅)　သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက်လက်ရှိအလေ့အကျင့် နှင့်အခက်အခဲများ

ဇယား (၂၆)　သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၇)　မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား (၂၈)　ကျောင်းအပ်နှုန်း

ဇယား (၂၉)　စာသင်ကျောင်းဆောင် အခြေအနေ

ဇယား (၃၀)　ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၁)　အဖြစ်များသော ရောဂါများ

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေ ကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၃

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၅၅

ဇယား(၄၅) ညောင်ဂန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၅၅
ကိုးကားစာရင်း ၅၉
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၆၀
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်း ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ဝန်းကျေးရွာ
တံတားဦးမြို့နယ်

ညောင်ဝန်းကျေးရွာအခြေပြမြေပုံ၊ တံတားဦးမြို့နယ်



အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပ့်အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီးကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင် သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်း မှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ် တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်သွင်ပြင်အနေအထား

ညောင်ဝန်းကျေးရွာသည် ရန်ကုန်၊ မန္တလေးလမ်းအဝေးပြေးလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ တံတားဦးမြို့နယ်၏ တောင်ဘက်ပိုင်းတွင်တည်ရှိပြီး၊ တံတားဦးမြို့မှ ၁၄ မိုင်၊ မန္တလေးမြို့မှ ၄၅ မိုင်ကွာဝေးပါ သည်။ ရာသီဥတုသည် ပူပြင်းခြောက်သွေ့ပြီး၊ အမြင့်ဆုံး ပျမ်းမျှအပူချိန်သည် ၃၄ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးပျမ်းမျှအပူချိန် ၂၀ ဒီဂရီ စင်တီဂရိတ် ရှိပါသည်။ ဇွန်လတွင် အမြင့်ဆုံး အပူချိန်သည် ၃၇ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး၊ ဇန်နဝါရီ လတွင် ၁၂ ဒီဂရီ စင်တီဂရိတ် ရှိပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရေချိန်သည် ၃၀ လက်မခန့်ရှိပြီး၊ တစ်လပျမ်းမျှ မိုးရွာ သွန်း ရက် ၅ ရက်ဖြစ်ပြီး၊ အများဆုံးမိုးရွာသွန်းရက်သည် မေ၊ ဇွန်လတွင် ၁၀ ရက်ခန့်ရှိပါသည်။ ကျေးရွာဝန်းကျင်သည် ကျယ်ပြန့်ပြူးသော မြေပြန့်လွင်ပြင်ရှိပါသည်။ သီးနှံများ ဖြစ်ထွန်းအောင်မြင်ရန် ကျေးရွာ တွင် မြေဆီသြဇာကောင်းမွန်သော လယ်ယာမြေကောင်းများရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးလယ်ယာမြေကောင်းများရှိပြီး၊ ဝင်ငွေရသီးနှံများ ဖြစ်ထွန်းအောင်မြင်ပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် မိသားစု (၂၁၀) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၉၀၁) ဦး ရှိပါသည်။ ပျမ်းမျှ တစ်မိသားစု လျှင်(၄.၂၉) ဦးခန့်ရှိပါသည်။ အသက်(၁၅-၆၀) နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေ (၆၇.၂%) ရှိပြီး၊ လူဦးရေ စုစုပေါင်း (၃၂.၈) % သည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသည် လယ်ယာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး၊ တောင်သူ (၆၅.၇%) ရှိပါသည်။ ကျေးရွာအိမ်ထောင်စုများ၏ သုံးပုံတစ်ပုံသည် မြေယာလုံးဝမရှိသူများ၊ မြေယာမဲ့များဖြစ်ပြီး၊ မြေယာပိုင်ဆိုင်သူ

များ၏ (၁၉.၂%) သည် မြေယာ (၅) ဧက အောက် မြေယာအနည်းငယ်သာ ပိုင်ဆိုင်သည့် ဆင်းရဲသော မြေယာမဲ့များနှင့် တောင်သူငယ်များသည် ရာသီပေါ်စိုက်ပျိုးရေး လုပ်ငန်းများနှင့်ဝ် ကျေးရွာ အတွင်းအခြားဝင်ငွေရ လုပ်ငန်းများကို မှီခို စားသောက် ရပါသည်။ တစ်နေ့ပျမ်းမျှဝင်ငွေသည် ၃၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်ရရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် စိုက်ပျိုးမြေ ဧက (၃၀ နှင့် ၄၀) ဧကကြား ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းကိရိယာများပိုင်ဆိုင်ပြီး၊ မွေးမြူရေးကိုခြံများဖြင့် စီးပွားဖြစ် မွေးမြူ နိုင်ကြသူများဖြစ်သည်။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်နစ်နာလွယ်မှု

ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ တစ်ဂက်နီးပါးသော အိမ်ထောင်စုများသည် ဆင်းရဲသည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါ ဆင်းရဲသည်ဟု သတ်မှတ်ထားသော အိမ်ထောင်စုများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ (၁၀)ဧကအောက်ပိုင်ဆိုင်သူများ၊ ကျပန်းအလုပ်သမားများ၊ (သို့) အသေးစားမွေးမြူရေးကို တစ်နိုင်တစ်ပိုင်ပွားဖက် ယူမွေးရသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ၎င်းဆင်းရဲသော အိမ်ထောင်စုများသည် နပ်ကျော်စားခြင်း၊ လျှော့ စားခြင်း၊ အခြားအစားအစာကို ပြောင်းလဲစား သုံးခြင်း မရှိ ကြဘဲ ပုံမှန် ၃ နပ်ပြည့်အောင်စားနိုင်ကြပါသည်။ နမူနာ အိမ်ထောင်စုများ၏ ၁၅ % သည် အကြွေးမယူ၊ မချေးမငှားဘဲ ၃ လအောက်နှင့် ၅ လအောက် စားနိုင်ကြပြီး၊ အများစုသောအိမ်ထောင်စုများသည် ၆ လမှ ၁၂ လအထိ စားသောက်နိုင်ကြပါသည်။ ၂၅% သည် ၁ရက်စာသာ ဂမ်းစာသိုလှောင်နိုင်ကြပါသည်။ ကောက်ယူ ခဲ့သော အိမ်ထောင်စု၏ ၅% သည် ၂ရက်မှ ၇ ရက်အထိ သိုလှောင်နိုင်ကြပြီး၊ ၂၅% သည် ၈ ရက်မှ ၃၀ ရက်စာနှင့် ၄၅ % သော အဆင့်ဝ် ၃ နှင့် ၄ အိမ်ထောင်စုများသည် ၁ လကျော်စာ သိုလှောင်နိုင်ကြပါသည်။ စစ်တမ်းကောက်ယူခြင်းအရ အိမ်ထောင်စု၏ ၁၀%သာ အကြွေးလက်ရှိတင်ရှိနေခြင်းမရှိဘဲ၊ အများစုသည် အကြွေးမြီမကင်းကြပါ။ အနည်းဆုံး ၁ သောင်း မှ အများဆုံး ၁၀ သိန်းအထိ ရှိကြပါသည်။ စိုက်ဘဏ်၊ ဆွေမျိုးများ၊ ငွေတိုးပေးသူများထံမှ ချေးယူရရှိပါသည်။

မိုးခေါင်ခြင်း၊ မြေဆီလွှာများ ပျက်စီးခြင်းစသော ထိခိုက်လွယ်မှုအမျိုးအစားများကြောင့် မြေယာမဲ့များ၊ လယ်သမားငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စားနပ်ရိက္ခာမဖူလုံမှုများ အနည်းအများကြုံတွေ့နိုင်ပါသည်။

(ဃ) **ကျန်းမာရေးနှင့်အာဟာရ**

ကျန်းမာရေးနှင့်ပါတ်သက်၍ ဒီနှစ်ရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ရောဂါအဖြစ်များပါသည်။ သို့သော် ဆေးရုံတက်၍ ကုသရသည့်အဆင့်မရောက်ပါ။ တီဘီ ဆေးရရန် တံတားဦး မြို့နယ်ဆေးရုံနှင့် လက်လှမ်းမှီမှု ရှိပါသည်။ အိမ်ထောင်စု များသည် စားနပ် ရိက္ခာ ဖူလုံ ပြီး၊ အာဟာရ ပြဿနာမရှိပါ။ သို့သော် အာဟာရပြည့်ဝမှုကို တိုင်းတာရန် အချိန် ပေးလုပ် ဆောင် ရပါမည်။

(င) ပညာရေးနှင့်ဝ်ဝ် ကျွမ်းကျင်မှု

ကျေးရွာ၏ ၉ နှစ်အထက်လူဦးရေ၏ (၅.၇ %) သည် ဘွဲ့ရ ပညာတတ်များ ဖြစ်ကြပြီး၊ အထက်တန်းပညာရေးပြီးဆုံးသူများသည်လည်း (၆.၁%) ရှိပါသည်။ ကျေးရွာအိမ်ထောင်စုများသည် ပညာရေး စိတ်ဝင်စားမှု ရှိကြပြီး အခြေခံစာရေးတက်၊ ဖတ်တက်ကြပါသည်။ စာမတတ်သူ ကျား(၄) ယောက်နှင့် မ(၆) ယောက် စုစုပေါင်း (၁၀)ဦး ရှိပါသည်။ ကျေးရွာတွင် ဘာသာရေးအခြေပြု ပညာရေးတတ်မြောက်မှု နှုန်းသည် (၂၅.၅ %) ရှိပြီး၊ မူလတန်းပညာရေး တတ်မြောက်မှုနှုန်းသည် ၉ နှစ်အထက် လူဦးရေ၏ (၃၆.၄ %) နီးပါးရှိပါသည်။ ကျေးရွာတွင် (၅-၉)နှစ်အရွယ် ကလေးများအားလုံးနီးပါး (၁၀၁.၅%) အခြေခံ ပညာရေးလက်လှမ်းမှီကြပါသည်။ အထက်တန်းတက်ရောက်နေသူ (ကျား ၇၊ မ ၅ ဦး စုစုပေါင်း ၁၂) ဦးရှိပြီး၊ တက္ကသိုလ်တက်ရောက်နေသူ ကျား ၁၁ ဦး၊ မ ၁၄ ဦး၊ စုစုပေါင်း ၂၅ ဦးတက်ရောက်နေပါသည်။

လက်သမား၊ ပန်းရံ၊ စက်ချုပ်စသော အသက်မွေးဂမ်းကျောင်းများတွင် လုပ်ကိုင်နေသော ကျွမ်းကျင်အလုပ်သမားများရှိပါသည်။ ဘွဲ့ရပညာတတ်များကို ကျေးရွာစီမံအုပ်ချုပ်မှုကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍများတွင် စွမ်းရည်မြှင့်တင်ရေးသင်တန်းများမှတဆင့် လုပ်ဆောင်သွားနိုင်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျားမဆက်နွယ်မှုသည် ကျေးရွာတွင် များစွာကွာခြားမှုမရှိပါ။ သို့သော် ကျေးရွာ စီမံအုပ်ချုပ်မှုကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင်မှုလုံးဝမတွေ့ရပေ။

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ဘူးရောက်ကျေးရွာရှိ လူထုအခြေပြုအဖွဲ့များကို လုပ်ငန်းစဉ်အလိုက် စီမံခန့်ခွဲနိုင်စွမ်း၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရှိသူများနှင့် တာဝန်ယူနိုင်သော ကျေးရွာသူ/ ကျေးရွာသားများဖြင့်ဖွဲ့စည်းထားပါသည်။ ကျေးရွာမှာရှိသော အဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက် ဆောင်ရွက်မှု ရှိသော်လည်း ညှိနိုင်းဆောင်ရွက်မှုအားနည်းသည်။ အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအရသာ ဖွဲ့စည်းထားရှိသော်လည်း တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ သတ်သတ်မှတ်မှတ်မရှိပါ။ ဦးဆောင် ဆောင်ရွက်သူများကသာ အဓိကထား တာဝန်ယူကြပါသည်။ ရပ်ရေးရွာရေးကိစ္စများနှင့်ပတ်သက်၍လည်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများကိုသာ အားကိုးကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုလုပ်ဆောင် အောင်မြင်နိုင်ရန် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အကောင်အထည်ဖော်ရေး ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်၍ ဖွံ့ဖြိုးရေးသဘောတရားများစသော သင်တန်းများချိတ်ဆက်ရယူလုပ်ဆောင်ရန် လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ အိမ်ထောင်စု အများစုသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီးမြေဩဇာ အသင့်အတင့်သာ ကောင်းမွန်သော စိုက်ပျိုးမြေများ ဖြစ်ပါသည်။ လယ်မြေဧက ၁၅၀ ဧက နှင့် ယာမြေဧက ၁၂၅၀ ဧကရှိပါသည်။ ကျေးရွာတွင် အဓိက စိုက်ပျိုးသော သီးနှံများမှာ နှမ်း၊ စပါး၊ မြေပဲ နှင့် ကုလားပဲသီးနှံတို့ ဖြစ်ပြီး၊ ဆွန်တာနီ၊ ပဲတီစိမ်း၊ နေကြာနှင့် ပဲစဉ်းငုံသီးနှံတို့ကို အနည်းငယ်စိုက်ပျိုးကြပါသည်။ နှစ်စဉ် မိုးခေါင်ရေရှားခြင်းနှင့် သီးနှံပိုးကျခြင်းတို့ကြောင့် သီးနှံမအောင်မြင်ဘဲ အထွက်နှုန်း လျော့လာသည်ကို တောင်သူများကြုံတွေ့ရသည်။ ကျေးရွာရှိ လယ်မြေအားလုံးသည် မိုးကောင်းသောက်လယ်များဖြစ်သည်။ ကျေးရွာ တောင်သူအစုဖွဲ့ပိုင် မိုးရေလှောင်ကန် ၉ ကန်ရှိပါသည်။ လယ်ယာမြေများသည် ကင်းတားမြောင်း၏ အရှေ့ဘက်(၄) မိုင်ကွာပြီး၊ ဆည်ရေလုံလောက်ပါက ဆည်ရေသွယ်တန်းစိုက်ပျိုးနိုင်ပါက ယခုထက် ပိုမိုစိုက်ပျိုး ထုတ်လုပ်လာနိုင်ပါမည်။ မိုးရေကို လှောင်ပြီးစိုက်ပျိုးရ၍ မိုးများသော နှစ်များတွင် အခက်အခဲမရှိသော်လည်း မိုးခေါင်သောနှစ် များတွင် စိုက်ပျိုးထုတ်လုပ်မှု မသေချာခြင်း၊ အထွက်နှုန်းလျော့နည်းခြင်းစသော အခက်အခဲများ ရင်ဆိုင် ရပါသည်။ မိုးရေလှောင်ကန်များ ရေဝင်ဧရိယာပိုမိုကောင်းရန်ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါမည်။ တနိုင်တပိုင်မိုးရေလှောင်ကန်များ ပြုပြင်ရန်နည်းပညာ၊ ငွေကြေး အခက်အခဲကြုံတွေ့ရသည်။ စနစ်တကျ ပြုပြင် နိုင်ခြင်းမရှိသောကြောင့် မိုးရေသိုလှောင်နိုင်မှု အားနည်းပြီး၊ စိုက်ပျိုးရေမလုံလောက်ပါ ။ ကျေးရွာအဆင့် တောင်သူအဆင့်တွင် ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးစနစ်များ၊ သီးနှံစိုက်ပျိုးရေးစနစ်များ လုပ်ဆောင်ရန်လိုအပ်ပါမည်။ တောင်သူ၊ သုတေသနပညာရှင်၊ ကွင်းဆင်းဝန်ထမ်းတို့ ပေါင်းစည်း လုပ်ဆောင်ရန် လိုအပ်ပါ မည်။

ကျေးရွာသည် နွား၊ ဂျက်၊ ဆိတ်၊ ကြက်များကို မိသားစုတစ်နိုင်တစ်ပိုင် မွေးမြူကြသလိုအချို့အိမ်ထောင်စုများသည် စီးပွားဖြစ် မွေးမြူကြပါသည်။ ခိုင်းနွားကိုအဓိကထားမွေးမြူပြီး၊ နို့စားနွားကို အကောင်တိုးအတွက် အနည်းငယ်သာ မွေးမြူကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတိုးချဲ့ လုပ် ဆောင်ရန် နွားစားကျက်ပေါ ပေါများများ မရှိဘဲ ကန်သင်းရိုး၊ လမ်းဘေးနှင့် သီးနှံမစိုက်မီ မြေလွတ်များတွင် နွားကျောင်းကြပါသည်။ ကျေးရွာအတွင်း ဖြစ်လေ့ဖြစ်ထရှိသော နွားတိရစ္ဆာန်ရောဂါမှာ ခွာနာလျှာနာ ဖြစ်သော်လည်း မြို့နယ်တိမွေးကုဉီးစီးဌာနမှ ပုံမှန်ကာကွယ်ဆေးတစ်ကြိမ်ထိုးပေးခြင်းအားဖြင့်အဖြစ်နည်းကြပါသည်။ ကျေးရွာတွင်း ဝက်ကို ခြံလှောင်စနစ်ဖြင့် မွေးမြူကြပြီး၊ တိရစ္ဆာန်ရောဂါအတွက် ကျေးရွာမွေးမြူရေးလုပ်သား(ကြက်ခြေပြာ)ရှိပါသည်။ မွေးမြူရေးထုတ်ကုန်များအတွက်ရောင်းချရန်အတွက် နွားထိုးကြီးနယ်၊ မြစ်သား၊

ကျောက်ဆည်နယ်တို့မှ ပွဲစားများရွာအတွင်း လာရောက်ကြပြီး လက်လှမ်းမှီမှုရှိပါသည်။ အသားစားကြက် မွေးသူ(၃)ဦးရှိပြီး ငုံးခြံတစ်ခြံရှိပါသည်။ နည်းပညာနှင့်မျိုးကို မြစ်သားနယ်အတွင်း လက်လှမ်းမီမှုရှိပြီး အစာအတွက် မြစ်သားနှင့်ကျောက်ဆည်တို့မှ ဝယ်ယူရရှိနိုင်ပါသည်။ အသားစားကြက် မွေးမြူရာတွင် ရွာနှင့်လှမ်းသည့် သီးသန့်ခြံဝင်းနေရာရှိရခြင်း၊ရေ၊ ဆိုလာမီး၊ နည်းပညာနှင့် သီးသန့်အချိန် ပေးရခြင်းကြောင့် ရွာသားအများစုမှာ စိတ်ဝင်စားမှု မရှိဘဲ အနည်းစုသာတိုးချဲ့မွေးမြူရန် ဆန္ဒရှိကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်ချေးငွေရနိုင်သောနေရာများနှင့် ချိတ်ဆက် လုပ်ဆောင်ရန်လိုအပ်ပါမည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဘူးရောက်ကျေးရွာတွင် လက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ သီးနှံ၊ မွေးမြူရေးတိရစ္ဆာန်အရောင်းအဝယ်၊ ကုန်စုံဆိုင်၊ အိမ်ဆိုင်ရောင်းဝယ်ခြင်းလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လက်သမား၊ ပန်းရံစသော ကျွမ်းကျင် ဆရာနှင့်လုပ်သားများရှိပါသည်။ ၎င်းအပြင် ကျေးရွာလုပ်ငန်းများ ကျပန်းလုပ်ငန်းများလုပ်ကိုင်နေသောလုပ်သားများလည်းရှိ၍ ကျေးရွာ၏စီးပွားရေးဖွံ့ဖြိုးမှုတွင် တဖက်တလမ်းမှများစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာတွင် ပဲအခြေခံ ကုန်ခြောက်လုပ်ငန်း၊ ကျောက်ဖရုံယို လုပ်ငန်းများသည် ဈေးကွက်ရှိ၍တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ကုလားပဲကို အခြေခံပြုလုပ်သော ဈေးကွက်ဝင်မုန့်ခြောက်များ တိုးချဲ့လုပ်ကိုင်ရန် စိတ်ဝင်စားကြပါသည်။ သို့သော်စနစ်တကျပြုလုပ်နိုင်သော မုန့်ခြောက် လုပ်နည်းပညာများ၊ ထုတ်ပိုးမှုစနစ်များရရှိရန် လက်လှမ်းမမှီပါ။ ထို့ကြောင့်အိမ်တွင်းစာသောက်ကုန် ထုပ်လုပ်နည်းပညာ ပေးနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန် လိုအပ်ပါသည်။ ယခုကျောက်ဖရုံယိုလုပ်ငန်းနှင့် တို့ဟူးလုပ်ငန်းတို့သည် ထင်းမီးဖြင့်ထုတ်လုပ်ရသောကြောင့် ကုန်ကျစရိတ်များပြီး၊ လျှပ်စစ်မီးရရှိလျှင် ကုန်ကျစရိတ်သက်သာပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ ကာကွယ်ရာရောက်ပါမည်။ ကျေးရွာသားများ၏ စွန့်ဦး တီထွင် လုပ်ဆောင်နိုင်မှု ကို တွန်းအားပေးရန် လိုအပ်ပေမည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဖျက်ပိုးနှင့်ရောဂါ ကာကွယ်မှုကဏ္ဍတွင်သီးနှံများတွင်ပိုးနှင့် ရောဂါကျရောက်မှုများလာသောကြောင့် တောင်သူအများစုသည် ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုများလာပြီး စနစ်တကျမသုံးခြင်းတို့ကြောင့် ပတ်ဝန်းကျင်နှင့် သုံးစွဲသူများတွင် အန္တရာယ်ရှိနိုင်ပါသည်။ မြေအောက်ရေ မကောင်းသည့် မြေကွက်များတွင် မြေအောက်ရေတူးဖော်စိုက်ပျိုးပါက နှစ်ကြာလာလျှင် စိုက်ပျိုးမြေပျက်စီးသွားနိုင်ပါသည်။ ပလပ်စတစ်အိတ်များ စနစ်တစ်ကျမစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံး ဓာတုဆေးပစ္စည်းခွံများ စနစ်တကျ မစွန့်ပစ်ခြင်းနှင့် ဆေးဘူးအခွံများကို ပြန်လည်အသုံးပြုခြင်းကြောင့် အန္တရာယ်ရှိမှုအသင့်အတင့်ရရှိပါသည်။ ကျေးရွာအလိုက်အရိပ်ရ သစ်ပင်များစိုက်ပျိုးခြင်း အစီအမံရှိသော်လည်း ရေရှည်ထိန်းသိမ်းမှုမရှိ၍ စိုက်ပျိုးမအောင်မြင်ပါ။ နှစ်ရှည်ပင် သီးနှံများဖြစ်သော သနပ်ခါး၊ သရက်များစိုက်ပျိုးသင့်ပြီး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသကဲ့သို့ ရေမြေရာသီဥတုလည်း သင့်တော်ပါသည်။

(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာသားများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ စိုက်ပျိုးရေးစရိတ်ချေးငွေရရှိနိုင်ပါသည်။ စိုက်ဘဏ်မှ သတ်မှတ်ထားသည့် နည်းဥပဒေအတိုင်း ပုံစံ(၇) ရှိသူများသူ တောင်သူများအားလုံး ချေးငွေရရှိပါသည်။ ထို့အပြင် ကျေးရွာသားများသည် သမဝါ ယမ ငွေချေးအသင်းမှလည်း ချေးယူရရှိနိုင်ပါသည်။ ဆွေမျိုးများနှင့် အတိုးပေးစား သူများမှလည်း ချေးငွေရရှိ နိုင်ပါ သည်။ အတိုးကြီးပါသည်။ ငွေချေးလျှင် အာမခံထားရပြီးလိုအပ်သည့်အချိန်တွင် ငွေချေးနိုင်ရန်ခက်ခဲပါသည်။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မြစိမ်းရောင်စီမံကိန်းမှလည်း ချေးငွေများရရှိရန် ကျေးရွာတွင်း ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်နေပြီဖြစ်ပါသည်။ အရင်းအနှီး လုံလောက်ရန်ပိုမိုကောင်းမွန် အဆင်ပြေသောအခြားချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်သွားရန်လိုအပ်ပေမည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး၊ ကျောင်းဆောင်အခြေအနေ ကောင်းမွန်မှုရှိပြီး၊ ကျောင်းပရိဘောဂများလည်း လုံလောက်မှုရှိပါသည်။ ညောင်ဝန်းကျေးရွာ အထက်တန်းကျောင်းသို့ နွားတော်ကုန်း၊ ရုန်းပင်ကန်၊ ရိုးကန်၊ ညောင်ဝန်းတောင်ရွာတို့မှ ကျောင်းသားများ လာရောက်တက်ရောက်ကြပါသည်။ မူလတန်းအောင်ပြီး အလယ်တန်းကို ဆက်လက်ထားရှိကြသဖြင့် မူလတန်းပညာ ကျောင်းထွက်နှုန်းနည်းပါးသည်။ ကျေးရွာတွင်း အလယ်တန်းပညာ၊ အထက်တန်းပညာကို လက်လှမ်းမှီပါသည်။ ဆရာ/ဆရာမ ၁၇ ဦး ရှိပြီး၊ ၄၂:၁ ဦးနှုန်းဖြင့် သင်ကြားနေပါသည်။ ယခင်က အထက်တန်းကျောင်းသည် မြို့နယ်တွင် အောင်ချက် ဒုတိယ အဆင့်ရှိသော်လည်း ၂၀၁၄ မှစပြီး အောင်ချက် ရာနှုန်း (၀) အဆင့် ရောက်ရှိသွားပါသည်။ (၁၀) တန်းအောင်ချက် ကျသွားသည့်အတွက် တတ်နိုင်သည့် မိဘများ မှ ဘော်ဒါဆောင်များတွင် သွားရောက်အပ်နှံသည့်အတွက် ယခုအခါ အထက်တန်းကျောင်းတွင် ကျောင်းသားများ လျော့နည်းလာပါသည်။ မိဘဆရာအသင်းမှလည်း ကျောင်းနှင့်ပူးပေါင်း ပါဝင်မှုမရှိဘဲအမည်ခံ အသင်းသာ ဖြစ်နေပါသည်။ ကျေးရွာသားများ အနေဖြင့် ကျောင်းအုပ်ကြီး၊ ကျောင်းဆရာ/မများမှ အတန်းချိန်၊ စာသင်ချိန် စနစ်ကျခြင်းနှင့် မိဘဆရာ အသင်းတို့ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်လျှင် (၁၀) တန်းအောင်ချက်ရာနှုန်းကို ပြန်လည်မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြပါသည်။

ကျေးရွာတွင် အလှူရှင်မှ ဆောက်လုပ်ဆဲ (၁၆) ကုတင်ဆန့် ဆေးရုံရှိပါသည်။ ဆေးရုံတွင်တာဝန် ထမ်းဆောင်မည့် ဆရာဝန်ကြီး (၁) ဦး၊ လက်ထောက်ဆရာဝန်၊ သူနာပြု၊ သားဖွား၊ ကျန်းမာ ရေးလုပ်သား စုစုပေါင်း ဝန်ထမ်း(၁၇)ဦးတာဝန်ကျရန်ရှိပါသည်။ ကျေးရွာသားများသည် ညောင်ဝန်းတောင် ကျေးရွာမှ ကျန်းမာရေးမှူးထံတွင် လိုအပ်ပါက ဆေးကုသမှု ခံယူနိုင်ပါသည်။ အမျိုးသမီးများနှင့် ကလေးငယ်များအတွက် နွားတော်ကုန်းကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမမှ ကျန်းမာရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးပါသည်။ ညောင်ဝန်းကျေးရွာ ဆေးရုံကြီးဖွင့်နိုင်လျှင် နီးစပ်ရာမြစ်သားနယ်မှကျေးရွာများ၊ ကျောက်ဆည်နယ်မှ ကျေးရွာများ၊ နွာထိုးကြီးနယ်မှ ကျေးရွာများအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်း မီမည်ဖြစ်ပါသည်။

ကျေးရွာအိမ်ထောင်စုများအနေဖြင့် နှစ်ပါတ်လည် ရေရရှိမှုရှိပြီး၊ သုံးရေနှင့်သောက်ရေပါဖူလုံပါသည်။ ကျေးရွာစာသင်ကျောင်း အတွက်လည်း နှစ်ပတ်လည် ရေလုံလောက်မှု ရှိပါသည်။ ကျေးရွာ အိမ်ထောင်စု (၂၁၀) ရှိသည့်အနက် ယင်လုံအိမ်သာ (၁၈၄)လုံး ရှိပါသည်။ ကျန် အိမ်ထောင်စု (၂၆) စုမှာ ယင်လုံ အိမ်သာကို ပူးတွဲအသုံးပြုသူများ ဖြစ်ပါသည်။ တစ်ကိုယ်ရေသန့်ရှင်း ရေး ပြဿနာမရှိပါ။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား

လူငယ်များသည် အားကစားပွဲများ၊ သာရေးနာရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ခွင့် ရှိကြပါသည်။ ကျေးရွာတွင် သီးသန့်သီရေတာ၊ ပွဲရုံများမရှိဘဲ လက်ဖက်ရည်ဆိုင်တွင် စကိုင်းနက်ရုပ်သံလိုင်း များမှတစ်ဆင့် ဘောလုံးပွဲများ၊ ဖျော်ဖြေပွဲများ ကြည့်ရှုနိုင်ပါသည်။ အားလပ်ချိန်များတွင် နေရာလွတ်လယ်ကွက်များတွင် ဘောလုံးကစားခြင်း၊ ခြင်းလုံးခပ်ခြင်း၊ စသောအားကစားလှုပ်ရှားမှုများလုပ်ဆောင်ကြပါသည်။ ဂတ်ရွတ်ပွဲ၊ ဘုရားပွဲများတွင် လူငယ်များပါဝင်ခွင့် ရကြပါသည်။ လူငယ်များရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးအတွက် နွေရာသီတွင် ဗုဒ္ဓဘာသာသင်တန်းများဖွင့်လှစ်လုပ်ဆောင်ကြပါသည်။ လူငယ်လူရွယ်များ အသိပညာဗဟုသုတများ ဖွံ့ဖြိုးလာစေရန် စာပေဟောပြော ပွဲများ၊ ဆွေးနွေးပွဲများ ဖန်တီးပေးရန်လိုအပ်ပါမည်။

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းသည် ကောင်းမွန်ပြီး၊ ကျေးရွာမှ ကျောက်ဆည်သို့ သွားသောလမ်းနှင့် တံတားဦးသို့ သွား သောလမ်းများသည် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာသားများသည် ကျောက်ဆည်သို့ ထုတ်ကုန်ရောင်းဝယ်ရန်နှင့် လူသုံးကုန်များဝယ်ယူရန် အဓိကအသွားများကြသဖြင့် ညောင်ဝန်း-ကျောက်ဆည် လမ်းကို ပြုပြင်ရန်(သို့)ကျောက်ချောလမ်းတည်ဆောက်ရန်လိုအပ်နေပါသည်။ ညောင်ဝန်းမှ အမြန်လမ်းမပေါ်သို့ထွက်သော နွားတော်ကုန်းလမ်းသည်ရွာမှ အမြန်လမ်းမကြီးပေါ်အရောက် (၄)မိုင် (၄)ဖာလုံရှိရာ မိုးတွင်းတွင်သွားလာရခက်ခဲပါသည်။ ၎င်းလမ်းကို ပြုပြင်ရန် လိုအပ်သကဲ့သို့ လမ်းတံတားများလည်း တည်ဆောက်ရန်

လိုအပ်ပါမည်။ ညောင်ဝန်း ကျောက်ဆည် လမ်းအရှည်သည် (၁၄)မိုင်ကွာဝေးသည်။ တံတားများသည် ကျေးရွာချင်းဆက်လမ်းသို့ သွားသော တံတားများ ဖြစ်ကြပြီး နှစ်ပတ် လည် သွား၍ ကောင်းမွန်ပါသည်။ ကျေးရွာတွင်းလမ်းတွင် ရေပြွန်(၉)ခုရှိပြီး (၅)ခုကို ကျေးရွာမှ (၂၀၁၄) ခုနှစ် တွင် ပြုပြင်ထားပြီး ကျန်(၄) ခုကို ၂၀၁၅ ခုနှစ် တွင် ကျေးရွာသားများကိုယ်တိုင် အပြီး လုပ်ဆောင်ရန် စီစဉ် ထားပြီး ဖြစ်ပါသည်။ သယ်ယူပို့ ဆောင်ရေး အနေဖြင့် ကျေးရွာသားများသည် မော်တော်ဆိုင်ကယ်ကို အသုံးများကြပြီး၊ ညောင်ဝန်း-ကျောက် ဆည်သို့ ကျေးရွာမှ ထော်လာဂျီတစ်စီးနှင့် လိုင်းကားတစ်စီး တစ်ရက် ခြား ပုံမှန်ပြေးဆွဲပါသည်။ ကျေးရွာသား များသည် သယ်ယူပို့ဆောင်ရေး အခက်အခဲ မရှိဘဲ လက်လှမ်းမီကြပါသည်။

ကျေးရွာပိုင် ဒီဇယ် အင်ဂျင် မီးစက် မီးကို အသုံးပြုကြပါသည်။ ဆိုလာမီးသုံးစွဲသော အိမ်ထောင်စု ၆၅ စုရှိပြီး၊ ပုဂ္ဂလိကသုံးစွဲသူများဖြစ်၍ သေချာစွာထိန်းသိမ်းစောင့်ရှောက်မှု ကောင်းပါသည်။ အခက်အခဲမှာ မိုးအုံ့သောနေ့များ၊ မိုးရွာသော နေ့များတွင် နေရောင်ခြည်ရရှိမှု နည်းပါး၍ သုံးစွဲရန်ခက်ခဲပါသည်။ အဝေးပြေးလမ်းမကြီး မိုင်တိုင် ၃၃၁/၅ ရုံးပင်ကန်ကျေးရွာအနီးတွင် အူရီဒူတာဝါ တိုင်တစ်ခုနှင့် မိုင်တိုင် ၃၃၅ အေးစွရွာအနီးတွင် တယ်လီနောတာဝါတိုင် တစ်ခုရှိခြင်းကြောင့် ဆက်သွယ်ရေးကွန်ယက် ကောင်းမွန်ပါသည်။ တယ်လီဖုန်းအင်တာနက်များကိုလည်းအသုံးပြုနိုင်ပါသည်။ ကျေးရွာ စာကြည့်တိုက်ကို နေ့လည်(၁၁) နာရီမှ ညနေ (၃) နာရီ ခွဲ အထိ ပိတ်ရက်မရှိ ဖွင့်ပါသည်။ စာကြည့်တိုက်တွင် သုတ၊ ရသ စာအုပ်စုံရရှိနိုင် ပါသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာလုံခြုံရေးအတွက် ချောင်းခွကျေးရွာနယ်မြေ ရဲစခန်းအတွင်းရှိပြီး၊ ဆက်သွယ်မှုကွန်ယက် ကောင်းပါသည်။ ကျေးရွာအရံမီးသတ်အဖွဲ့ရှိပြီး ကျေးရွာဘေး ကင်းလုံခြုံရေးလုပ်ဆောင်ပါသည်။ ကျေးရွာသမိုင်းကြောင်းတစ်လျှောက်အရ စိုးရိမ်ရသည့် ပြစ်မှုများမရှိဖူးပါ။ ကျေးရွာတွင်းနေထိုင်သူများသည် အစဉ်အဆက်အရနေလာခဲ့ကြသော မိသားစုနွယ်များဖြစ်သည့်အတွက် ပြဿနာကြီးကြီးမားမား တစ်စုံတစ်ရာဖြစ်ပေါ်လေ့ မရှိပါ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကွင်းဆင်းတွေ့ရှိချက်များ၊ အမြင်များကိုအခြေခံ၍ မြင်းသည်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် စွမ်းဆောင်ရည်ရှိသော၊ ပရဟိတစိတ် အပြည့်ဖြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်တတ်ကြွကြွလုပ်ဆောင်နေသော လူငယ်များရှိခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအသုံးဝင်ပါသည်။ စိုက်ပျိုးရေးကဏ္ဍအတွက် ကျေးရွာတွင် လယ်ယာမြေဧကများစွာရှိပါသည်။ စိုက်ပျိုးရေအတွက် မိုးရေလှောင်ကန်များပြုလုပ်၍ သုံးစွဲကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များ တိုးချဲ့မွေးမြူရန် မွေးမြူရန် အစာရေပေါများပါသည်။ မွေးမြူရေးထုတ်ကုန်များ အလွယ်တကူရောင်းချရန် ဈေးကွက်လက်လှမ်းမှီပါသည်။ ကာကွယ်ဆေး၊ ကုသဆေးများအသုံးပြုရန် မြို့နယ်တိကုဋ္ဌိးစီးဌာနနှင့် ချိတ်ဆက်မှုရှိပါသည်။ ဒေသထွက် ကုန်ကြမ်းအခြေခံ မုန့်ကြော်လုပ်ငန်း တို့ဟူးခြောက်၊ ကျောက်ဖရုံယို လုပ်ငန်းများသည် ကျေးရွာအတွင်းနှင့် နီးစပ်ရာမြို့နယ်ကျေးရွာများတွင် ဈေးကွက်အခိုင်အမာရှိ၍ တိုးချဲ့လုပ်ကိုင်ရန် အခြေအနေကောင်းပါသည်။ ပညာရေးအတွက်ကျေးရွာအတွင်း အထက်တန်းကျောင်း ရှိနေခြင်းကြောင့် ကလေးသူငယ်များပညာရေးလက်လှမ်းမှီပါသည်။ လူငယ်လူရွယ်များ စာပေဗဟုသုတရှာမှီးနိုင်ရန် ကောင်းစွာလည်ပတ်နေသော စာကြည့်တိုက်ရှိခြင်းသည် ကျေးရွာသူသားများအတွက် ဗဟုသုတရှာမှီးနိုင်ပါသည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျေးရွာတွင် ခုတင် ၂၀ ခန့် ဆေးရုံ ဆောက်လုပ်နေပါသည်။ တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်ပါသည်။ ကျောက်ဆည် ခရိုင်ချင်းဆက်လမ်း နီးကပ်စွာရှိခြင်း၊ ရန်ကုန်မန္တလေးလမ်း မကြီးနှင့် နီးစပ်ခြင်းကြောင့် လမ်းပန်းဆက်သွယ် ရေး ကောင်းမွန်ပါသည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့် အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာအတွင်း အဖွဲ့အစည်းများသည် ရည်ရွယ်ချက်၊ တာဝန်များသတ်သတ်မှတ်မှတ်မရှိကြပါ။ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းများသည် အုပ်ချုပ်ရေးမှူးကိုသာ အဓိကအားကိုးကြပါသည်။ နှစ်စဉ်ဆက်တိုက် စိုက်ပျိုးလာမှုကြောင့် စိုက်ပျိုးမြေများမြေဆီသြဇာ လျော့နည်းလာပါသည်။ ပိုးမွှားရောဂါကျရောက်မှုများ၍ သီးနှံမျိုးစုံ၏အထွက်နှုန်း လျော့နည်းလာပါသည်။ မွေးမြူရေးတိရစ္ဆာန်များတိုးချဲ့မွေးမြူရန် လွတ်ကျောင်းရန် စားကျက်နည်းပါးပါသည်။ မြေလွတ်လယ်ယာမြေများတွင်သာ လွတ်ကျောင်းနိုင်ကြပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းများသည် ဈေးကွက်တွင်လုပ်ငန်းရှင်ကြီးများကိုမထိုးဖောက်နိုင်ကြပါ။ လူငယ်များသည် အင်တာနက်လိုင်းမှတစ်ဆင့် ဗဟုသုတရှာမှီးရန်ထက် အခြားဂိမ်းများကိုသာ စိတ်ဝင်စားကြပါသည်။ ဆေးရုံဖွင့်လှစ်နိုင်သော်လည်း အခြားဝန်ဆောင်မှု၊ ဝန်ထမ်းများ၊ မပြည့်စုံခြင်း၊ လျှပ်စစ်မီးမရသေးခြင်းသည် ကျန်းမာရေးဝန်ဆောင်မှုအတွက် အဟန့်အတားတစ်ခုဖြစ်ပါသည်။ ဒီဇယ်အင်ဂျင်အသုံးပြုရ၍ လစဉ်အသုံးပြုစရိတ်၊ ထိန်းသိမ်းစရိတ်မြင့်မားပါသည်။ လျှပ်စစ်မီးသွယ်တန်းရန် ပင်မလျှပ်စစ် ဓါတ်အားလမ်းကြောင်းနှင့် မနီးခြင်းသည်လည်း စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ လမ်းပိုင်းပြင်ဆင် ရန်နည်းပညာ၊ ကုန်ကျစရိတ်မြင့်မားပါသည်။

၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့်ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ မြင်းသည်ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသောကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထား ပါသည်။

(၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များတိုးတက်မွေးမြူခြင်းဖြင့်မိသားစုများ ဝင်ငွေတိုးလာစေရမည်။

(၂) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းနှင့် ကောင်းမွန်ပြည့်စုံသော ပညာရေးပတ်ဝန်းကျင်ကောင်းများ ရလာစေရမည်။

(၃) အခြေခံအဆောက်အဦကဏ္ဍဖြစ်သော လျှပ်စစ်မီးလင်းရေးနှင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာအတွင်းအဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေး ဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့်ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာအခြေပြုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု မြှင့်တင်ပေးခြင်းကျေးရွာကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးရေးသဘောတရားများအသိ များမိတ်ဆက်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့် တင်မှုသင်တန်းများ ဖန်တီးရန်ဖြစ်သည်။

(၂) စိုက်ပျိုးထုတ်လုပ်မှုတိုးတက် လာစေရန်မြေအောက်ရေ တူးဖော်စမ်းသပ်စိုက်ပျိုးခြင်း၊ မိုးရေလှောင်ကန်များပြုပြင်သုံးစွဲခြင်း၊ စိုက်ပျိုးရေးနည်းပညာများစိုက်ပျိုးရေး၊ ပုဂ္ဂလိကကုမ္ပဏီ၊ စိုက်ပျိုးရေးဝန်ဆောင်မှုပေးသောအဖွဲ့များနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း၊ ချေးငွေအတွက်ကျေးလက်သမ၊ အခြားချေးငွေအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ရန်ဖြစ်သည်။ မိသားစုဝင်ငွေတိုးစေရန် မွေးမြူရေးတိရစ္ဆာန်များ တိုးချဲ့မွေးမြူရန် တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများတိုးချဲ့ မွေးမြူနိုင်ရန် ချေးငွေများရရှိရန်ချိတ်ဆက်ရန် (သမ၊ မြစိမ်းရောင်)၊ မွေးမြူရေးနည်းပညာ၊ ကုသဆေး၊ ကာကွယ်ဆေးများရရှိလာစေရန် (တိကု)၊ မွေးမြူရေး မျိုးကောင်းမျိုးသန့်များ ဝယ်ယူနိုင်ရန်တိကုဌာနများနှင့် အကူအညီယူ ဝယ်ယူရန် ဖြစ်သည်။

(၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန်လုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ကျေးလက်၊ အခြားလုပ်ငန်းရှင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်း၊ များနှင့် ချိတ်ဆက်ရန်၊ ရန်နည်းပညာပံ့ပိုးမှုအတွက်ချိတ်ဆက်ရန်။ (အသက်မွေးဝမ်းကျောင်းသင်တန်း များချိတ်ဆက်ခြင်း၊ စျေးကွက်ဆိုင်ရာသဘောတရားများကို လုပ်ငန်းရှင်၊ ဌာနပိုင်းဆိုင်ရာမူဝါဒ ပိုင်းအရလုပ်ဆောင်ရန်။ (ဆွေးနွေးပွဲ၊ ဖိုရမ်များ ပြုလုပ်ခြင်း)များလုပ်ဆောင်ရပါမည်။

(၄) ကုန်စည် ထုတ်လုပ်ရောင်းဝယ် ကောင်းမွန်လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ရန် ဆောင် ရွက်ရန်ကျေးရွာအတွင်းရေပြွန်၊ ရေနူတ်မြောင်းများပြုပြင်ရန်၊ ကျေးရွာလူထုကိုစည်းရုံး အကောင်အထည်ဖော်ရန်၊ ညောင်ဝန်းကျောက်ဆည်လမ်း(မြေသားလမ်း) ၊ ကျေးရွာမှန္တာတော် ကုန်းသွားလမ်း၊ တံတားများပြုပြင်တည်ဆောက်ရန်အတွက်ဒေသတွင်း လွတ်တော်ကိုယ်စား လှယ်၊ ကျေးလက်ဌာန၊ ဆုံးဖြတ်နိုင်သောသူများကို စာတင်ပြ တောင်းဆိုရန် ဖြစ်ပါသည်။

(၅) ပျော်ရွှင်ဖွယ်ကောင်းသော ပညာရေးဝန်းကျင် အခြေအနေများဖန်တီးပေးရန် မိဘဆရာ အသင်း ဖွဲ့စည်းလုပ်ဆောင်ရန်၊ မိဘဆရာဆွေးနွေးတိုင်ပင်ခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲများလုပ် ဆောင်ရန်၊ မြို့နယ်မှ ဆန်းစစ် အကဲဖြတ်လုပ် ဆောင်ရန် ဖြစ်ပါသည်။

(၆) ကျေးရွာအိမ်ထောင်စုများ လျှပ်စစ်မီး လက်လှမ်းမှီရန် လုပ်ဆောင်ရန် မီးလင်းရေးကော်မတီ ဖွဲ့စည်း ရန်လျှပ်စစ်မီးသွယ်တန်းရန် နည်းပညာ၊ မတည်ငွေများရရန် ကျေးလက်ဌာနသို့ စာတင် ပြချိတ်ဆက်ရန်၊ ကျေးရွာအတွင်း အိမ်ထောင်စုများ လျှပ်စစ်မီးလင်းရန် မတည်ငွေများ ကောက်ခံခြင်း၊ လိုအပ်သောမတည်ငွေများကို ကျေးလက်ဖွဲ့ဖြိုးရေး ဘဏ်များထံတင်ပြတောင်း ဆိုခြင်း၊ မြို့နယ်လျှပ်စစ်၊လွတ်တော်ကိုယ် စားလှယ်၊ တို့အား တင်ပြ တောင်းဆိုရန် ဖြစ်သည်။

(၇) လူငယ်များနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးလာရန် လုပ်ဆောင်ရန် ဆံပင်ညှပ်၊စက်ချုပ်၊ခေါင်းလျော် ရည်ပြု လုပ်နည်း၊ သင်တန်းများနှင့် ချိတ်ဆက်ပေးရန်၊ ရှိပြီးသားလုပ်ငန်းများတိုးချဲ့နိုင်ရန်နှင့် အလား အလာရှိသော လုပ်ငန်းများဖန်တီးရန် ဖြစ်သည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့် မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျ သောထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အဆင့်၊ ဒေသအဆင့်မူဝါဒနှင့်အစီအစဉ်ကျသော ချိတ်ဆက်မှုများလုပ်ဆောင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော မြို့နယ်အဆင့်ဌာနများ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများ ရှိပါသည်။

(က) ညောင်ဝန်းကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီးပါသည်။ ကင်းတားဆည်ရေလက်တံမြောင်းသည် ကျေးရွာအနီးတွင်ရှိသော်လည်း ဆည်ရေမရရှိပါ။ ဆည်မြောင်းဌာန အနေဖြင့် ဆည်ရေသောက်ဧရိယာများ တိုးချဲ့လုပ်ဆောင်နိုင်ရန် မူဝါဒ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက် သင့်ပါသည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ် နှစ်တိုင်း အထွက်နှုန်းကျဆင်းလာပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သောဘက်ဂျက် လျာထား ချက်များထားရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးခြင်း၊ မျိုးကောင်းမျိုးသန့်များလက်လှမ်းမှီအောင် လုပ်ဆောင်ခြင်းများကို လုပ်ဆောင်သင့်ပါသည်။ သုတေသနလုပ်ငန်းများကိုလည်း ကွင်းအတွင်းမှ ပညာပေး ဝန်ထမ်းများ၏ တွေ့ရှိချက်များကို အခြေခံ၍ လုပ်ဆောင်ရပါ မည်။

(ခ) ကျေးရွာသူသားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် မတည်ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိနိုင်ကြပါ။ အဖြစ်များ

သော တိရစ္ဆာန်ရောဂါများကာကွယ်နိုင်ရန် ပုံမှန်ကာကွယ်ဆေးထိုးခြင်းစသောအစီအစဉ်များ၊ မူဝါဒများချိတ်ဆက်ရန်လိုပါမည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင်လိုအပ်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန်ဘက်ဂျက်ခွဲဝေခြင်းကိုပိုမိုတိုးမြှင့်လုပ်ဆောင်ရပါမည်။ ပညာရေးတတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာအခြေခံအဆောက်အဦများ၊ အရည်ချင်းပြည့်ဝသော၊ လုံလောက်သောဆရာ၊ ဆရာမများဖြည့်ဆည်းပေးရန်လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြုအသေးစားစီးပွားရေး လုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော၊ လက်လှမ်းမှီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ကျေးလက်ဒေသများသည် မြို့များနှင့်နိုင်းယှဉ်ပါက စီးပွားရေးအဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးမှုသည်နှေးကွေးပါသည်။ ဘဏ်လုပ်ငန်းများ၊ အခြားငွေရေးကြေးရေးမူဝါဒများကို ကျေးလက်ဒေသကို အခြေပြု၍ ပုဂ္ဂလိက ကဏ္ဍများနှင့်ပူးပေါင်းလုပ်ဆောင်ရပါမည်။

(င) ကျေးရွာ၏အခြေခံအဆောက်အဦကဏ္ဍဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအားသက်ဆိုင်သော မူဝါဒများ၊ အစီအစဉ်များကို ကျေးလက်ဒေသများသို့ ချိတ်ဆက်နိုင်ရန် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသရေရှည်စီးပွားဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာမူဝါဒနှင့် အစီအစဉ် ချိတ်ဆက် မှုများကို စီမံအုပ်ချုပ်မှုအဆင့်အလိုက် လုပ်ဆောင်ရပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ထို့ကြောင့်ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ မရှိခဲ့လျှင်ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။ ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက် များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သောစီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကို ဖေါ်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေး စီမံချက်များ

ညောင်ဂန်းကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက်များကို အောက်ပါဇယား တွင် ဖော်ပြထားပါသည်။

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
၁။ စီမံအုပ်ချုပ်မှုကဏ္ဍ	၁။ ကျေးရွာစီမံကိန်းများ ပိုမို လုပ်ဆောင် နိုင်ရန် ကျေးရွာအခြေပြုအဖွဲ့အစည်းများ စွမ်းရည်မြှင့် တင်ပေးခြင်း	၃၄	၁၀	ကျေးရွာတွင် အဖွဲ့အစည်းများ အချင်း ချင်းချိတ်ဆက်ဆောင် ရွက်မှု ကောင်းလာရန် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း၊ ရှိပြီးသား အဖွဲ့များကို ခေါင်း ဆောင် မှူသဘောတရား ၊ ငွေကြေးစီမံ ခန့် ခွဲမှု၊ ဖွဲ့စည်း ဆိုင်ရာ စီမံခန့်ခွဲမှုသဘောတရား သင်တန်းများချိတ်ဆက် ရယူခြင်းဖြင့် စွမ်းဆောင်ရည် မြှင့်တင် ခြင်း၊ ကျေးရွာအခြေပြု စီမံကိန်းများ ပူးပေါင်းလုပ် ဆောင်ခြင်းများ ပြုလုပ်ရမည်။	ကျေးလက်ဦးစီး
၂။ စိုက်ပျိုးရေး ၂.၁ သီးနှံ	၁။ စိုက်ပျိုးထုတ်လုပ်မှု တိုးတတ်လာရန် ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမှီရန် ချိတ်ဆက်ခြင်း	၅၈	၆	ကျေးရွာသည် စိုက်ပျိုးရေးကို အဓိ ကလုပ်ဆောင်သော်လည်း မိရိုးဖလာနည်းဖြင့် သာ စိုက်ပျိုးထုတ် လုပ်ကြပါ သည်။ ပိုးမွှားရောဂါများ ကျရောက်၍ အထွက်နှုန်းများ လျော့နည်း လာ ခြင်း၊ ပိုးမွှားရောဂါကာ ကွယ်နည်းများမသိ၍ခါတုဆေးများသာ အဓိကထားသုံးစွဲ ကြခြင်း၊ မထိရောက်ခြင်း၊ ခေတ်မှီစိုက် ပျိုးနည်းစနစ်များ လက် လှမ်းမမှီ၍ စိုက်ပျိုးထုတ်လုပ်မှုမသေချာခြင်း၊ ထို့ကြောင့်ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းစနစ်များကို စိုက်ပျိုးရေးဌာနနှင့် ချိတ် ဆက်လုပ် ဆောင် ခြင်း၊ ဘက်စုံပိုး မွှားရောဂါကာကွယ်နည်းများသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ ယာသီးနှံအစားရာသီဥတုခံနိုင်သောနှစ်ရှည်ပင် သီးနှံများစိုက်ပျိုး ခြင်းများလုပ်ဆောင်ရန် လိုအပ်မည်။	
၂.၂ စိုက်ပျိုးရေး	၂။ စိုက်ပျိုးရေးလုံလောက်စွာ ရရန် လုပ်ဆောင်ခြင်း	၁၀၀	၃	ကျေးရွာသည် ဆည်ရေသောက် လက်ရှိမရပါ။ ကျေးရွာနှင့်မနီးမဝေးတွင် ရှိသော်လည်း သောက်သုံးနိုင်ခြင်း မရှိပေ။ မိုးရေ လှောင်ကန်များ ပြုလုပ် သုံးစွဲကြ ပါသည်။မိုးခေါင်သော နှစ်များတွင် မိုးရေကောင်းစွာ မလှောင် နိုင် ၍ စိုက်ပျိုးထုတ် လုပ်မှုမသေချာပါ။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် မိုးရေလှောင်ကန်များ ပြန်လည် ပြုပြင်ခြင်း၊ မြေအောက်ရေ တွင်းများတူးဖော်ခြင်း၊ ဆည်ရေရရှိရန် ဆည်မြောင်းဌာနနှင့် ချိတ်ဆက်ခြင်းများလုပ်ဆောင်ရမည်။	
၃။ အခြေခံအဆောက်အဦ	၁။ ကျေးရွာအိမ်ထောင်စုများ သွားရေးလာရေးအဆင်ပြေချောမွေ့ရေး လုပ်	၁၀၀	၂	ကျေးရွာသည် တံတားဦးမြို့နယ် အဆုံး၊ နွားထိုးကြီးမြို့ နယ်စပ်တွင် ရှိပါသည်။ ကျေးရွာသည် တံတားဦးမြို့နယ်တွင် ပါသော်လည်း	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
၃.၁ ကုန်ထုတ်လမ်း	ဆောင်ရန်			အများစု သည် ကျောက်ဆည် သို့သာ သွားရောက်မှုများပါ သည်။ ၎င်း လမ်းဟောင်းသည်မြေသား လမ်းဖြစ်၍ မိုးရာသီတွင်သွားရေး လာရေးခက်ခဲ ပါသည်။ ကျေးရွာနှင့် နွားတော်ကုန်း ကျေးရွာ သို့ သွားသောလမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ထို့ ကြောင့် ၎င်း လမ်းကို ကျောက်ချော လမ်း၊ကျင်းလမ်း၊လမ်းတံတား အဖြစ် ပြု ပြင်ရန် နည်းပညာ၊ ငွေကြေး အထောက်အပံ့ အတွက် ကျေးလက်၊ စည်ပင်ဌာန၊ လွတ်တော် နှင့်ချိတ်ဆက်လုပ်ဆောင် သွားရမည်။ ထိုအ ပြင် ကျေးရွာတွင်း လမ်းသည် မိုးရာ သီတွင် ရေပ၀် ၍ ရေထုတ် မြောင်း များ၊ ရေပြွန်များ ပြုလုပ်ရန်လိုမည်။	
၄။ မွေးမြူရေး ၄.၁ မွေးမြူရေး	၁။ တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန်	၅၀	၈	ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်ကြ သော်လည်း မိုးရေကို အားကိုးအားထားစိုက်ပျိုးရ၍သေချာမှုမရှိပေ။ ထို့ကြောင့် မိသားစု ၀င်ငွေတိုးရန်နှင့်စီးပွားဖြစ် တိုးချဲ့မွေးမြူနိုင်ရန် လိုအပ် ပေ မည်။ နွားဆိတ်၀က်များကို စီးပွားဖြစ်မွေးမြူနေကြ၍ ရေ မြေ အနေအထားသည် သင့်တော်ပါသည်။ ထို့ကြောင့် မျိုးကောင်းမျိုး သန့်များ ၊ မွေးမြူရေးနည်းပညာများရရန် တိကုဋ္ဌာနနှင့်ချိတ် ဆက် လုပ်ဆောင်ရန်လိုမည်။	
၄.၂ ကုသရေး၊ ကာကွယ်ရေး	၂။ မွေးမြူရေးတိရစ္ဆာန်များ ကာကွယ်ခြင်း၊ကုသခြင် အသိများ ဖွံ့ဖြိုးလာစေရန်	၅၆	၇	ကျေးရွာသည် မြို့နယ်နှင့်ဝေး၍ ကာကွယ်ရေးအသိဖွံ့ ဖြိုးမှုနည်း ပါသည်။ တိကု ဋ္ဌာနမှလည်းလာရောက်မှုနည်း ခြင်း၊ နွား၀က်များ တွင် ပေါင် ပုတ်လက်ပုတ်ဖြစ်ကြခြင်း၊ မျိုးကောင်းမျိုးသန့်များလက် လှမ်းမမှီခြင်း၊ တိကုဋ္ဌာန နှင့်ချိတ်ဆက်၍ ကာကွယ် ဆေး ကုသဆေး များ ပုံမှန်ထိုးနှံနိုင်ရန်လုပ်ဆောင်ရမည်။	
၅။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော လုပ်ငန်း များ ၅.၁ ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းများ	၁။ အသေးစား စီးပွားရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်	၄၁	၉	ကျေးရွာတွင် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်ကြ၍ ၎င်းပဲအခြေခံမုန့် ခြောက်လုပ်ငန်းများ၊ တို့ဟူးခြောက်၊ ကျောက်ဖရုံယို လုပ်ငန်းများ ကို စီးပွားဖြစ် သည်အထိ တိုးချဲ့လုပ်ကိုင်နိုင် ကြပါသည်။ ဒေသနှင့် ကိုက်ညီသော အသက်မွေး၀မ်း ကျောင်းသင်တန်းများ ချိတ် ဆက်၍ ကျေးလက်စီးပွားရေးတိုးတက်ရန် လုပ်ဆောင်မည်။	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ဖော်ပြချက်	မှတ်ချက်
၅.၂ အလုပ်အကိုင်များ ဖန်တီးပေးခြင်း	၂။ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန်	၂၉	၁၁	ကျေးရွာတွင် အလုပ်လုပ်နိုင် သော လူငယ်လုပ်အား အများ ပြားရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ် ငန်းများကို မှီခိုလုပ်ကိုင်ရပါသည်။ အသက် မွေးသင်တန်း များ စက်ချုပ်၊ ဆံပင်ညှပ်၊ စ သော ချိတ်ဆက်လုပ်ဆောင်ရန်	ကျေးလက်ဦးစီး
၆။ ပညာရေး	၁။ ကျေးရွာအတွင်း ကျောင်းသားသူ များ ပြည့်စုံ သော အေးချမ်း သော ပညာသင် ကြားရေး ပတ်ဝန်းကျင် ဖန်တီးပေးရန်	၁၀၀	၄	ကျေးရွာသည် အထက်တန်း ကျောင်းရှိသော်လည်း ဆရာမ များသည် သင်ကြားရေးပိုင်း တွင် အားနည်း၍ ၁၀ တန်း အောင်ချက်ရာနှုန်း သည် သိသိ သာသာလျော့နည်းလာပါသည်။ ထို့ကြောင့် ၁၀ တန်း အောင်ချက်ရာခိုင်နှုန်း ပြန် လည်ကောင်းမွန်ရန် မိဘဆရာ အသင်း များ ညှိနိုင်းတိုင်ပင် ခြင်း၊ ကလေးများ ပညာရေး လိုက်စားရန် အား ပေးခြင်း၊ ဆရာမများအား မွမ်းမံသင် တန်း များ ပေးရန် ပညာရေး ဌာနများနှင့် ချိတ်ဆက်ခြင်း	
၇။ လျှပ်စစ်စွမ်းအား ၇.၁ မဟာဓါတ်အားလိုင်း	၁။ အိမ်ထောင်စုအားလုံး လျှပ်စစ်မီး လက်လှမ်းမှီရန်	၁၀၀	၁	ကျေးရွာသည် ဆင်းရဲခြင်း၊ လျှပ်စစ်မီးသွယ်တန်းရန် မဟာဓါတ်အားလိုင်းနှင့်ဝေးခြင်း၊မတည်ငြိမထူထောင်နိုင်သေးခြင်း၊တို့ကြောင့်လျှပ်စစ်မီးသွယ်တန်းနိုင်ခြင်းမရှိ ပါ ။ ထို့ကြောင့် အိမ်ထောင် စုအားလုံး လျှပ်စစ်မီးသွယ် တန်းနိုင်ရန် နည်းပညာ၊ ငွေ ကြေးရနိုင် သော ကျေးလက်၊လျှပ်စစ်လုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ကိုင်ခြင်း	ကျေးလက်ဦးစီး
၈။ ချေးငွေ	၁။ ကျေးရွာအခြေပြု ငွေစုငွေချေး အသင်း များ တည်ထောင်၍ ငွေကြေး အဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း	၉၀	၅	ကျေးရွာသည် စိုက်ဘဏ်၊ သမ များမှ ချေးငွေရသော်လည်း မလုံလောက်ပါ။ ပုဂ္ဂလိက လုပ်ငန်းရှင်မှလည်း အတိုးကြီး ပြီး၊ လိုသလောက် မရပါ ။ ထို့ ကြောင့်ကျေးရွာအခြေပြုငွေစုငွေချေးအသင်း စု များစုဖွဲ့၍ ချေးငွေရနိုင်သော အဖွဲ့ အ စည်းများနှင့် ချိတ်ဆက်ရန်	ကျေးလက်ဦးစီ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလအပိုင်းအခြားကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်ကာလ

စဉ်	စီမံချက်	ဦးစားပေးအဆင့်	ကာလ					မှတ်ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁	အိမ်ထောင်စုအားလုံး လျှပ်စစ်မီးလက်လှမ်းမှီရန်	၁	√					
၂	ကျေးရွာအိမ်ထောင်စုများ သွားရေးလာရေးအဆင်ပြေချောမွေ့ရေး လုပ်ဆောင်ရန်	၂	√					
၃	စိုက်ပျိုးရေးလုံလောက်စွာ ရရန် လုပ်ဆောင်ခြင်း	၃	√					
၄	ကျေးရွာအတွင်း ကျောင်းသားသူများ ပြည့်စုံသော အေးချမ်းသော ပညာသင်ကြားရေး ပတ်ဝန်းကျင် ဖန်တီးပေးရန	၄		√				
၅	ကျေးရွာအခြေပြု ငွေစုငွေချေးအသင်းများ တည်ထောင်၍ ငွေကြေးအဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း	၅		√				
၆	စိုက်ပျိုးထုတ်လုပ်မှု တိုးတတ်လာရန် ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမှီရန် ချိတ်ဆက်ခြင်း	၆		√				
၇	မွေးမြူရေးတိရစ္ဆာန်များကာကွယ်ခြင်း၊ ကုသခြင် အသိများ ဖွံ့ဖြိုးလာ စေရန်	၇			√			
၈	တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း	၈			√			
၉	အသေးစား စီးပွားရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်	၉			√			
၁၀	ကျေးရွာစီမံကိန်းများ ပိုမို လုပ်ဆောင်နိုင်ရန် ကျေးရွာအခြေပြု အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ပေးခြင်း	၁၀				√		
၁၁	အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန်	၁၁				√		

၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင်ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို

သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန်လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

#	စီမံချက်	စုစုပေါင်းခန့်မှန်းဘက်ဂျက် (၀၀၀'ကျပ်)	သာမန်အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	အိမ်ထောင်စုအားလုံး လျှပ်စစ်မီးလက် လှမ်းမှီရန်			√		
၂	ကျေးရွာအိမ်ထောင်စုများ သွားရေးလာရေးအဆင်ပြေချောမွေ့ ရေးလုပ်ဆောင်ရန်			√		
၃	စိုက်ပျိုးရေးလုံလောက်စွာ ရရန် လုပ်ဆောင်ခြင်း			√		
၄	ကျေးရွာအတွင်း ကျောင်းသားသူများ ပြည့်စုံ သော အေးချမ်း သော ပညာသင် ကြားရေး ပတ်ဂန်းကျင်ဖန်တီးပေးရန်				√	
၅	ကျေးရွာအခြေပြု ငွေစုငွေချေးအသင်း များ တည်ထောင်၍ ငွေကြေးအဖွဲ့ အစည်း များနှင့် ချိတ်ဆက်ခြင်း				√	
၆	စိုက်ပျိုးထုတ်လုပ်မှု တိုးတတ်လာရန် ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမှီရန် ချိတ်ဆက်ခြင်း				√	
၇	မွေးမြူရေးတိရစ္ဆာန်များ ကာကွယ်ခြင်း၊ ကုသခြင် အသိများ ဖွံ့ဖြိုးလာစေရန်				√	
၈	တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာစေခြင်း			√		
၉	အသေးစား စီးပွားရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်				√	
၁၀	ကျေးရွာစီမံကိန်းများ ပိုမို လုပ်ဆောင် နိုင်ရန် ကျေးရွာအခြေပြုအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ပေးခြင်း				√	
၁၁	အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန်					
				၄	၇	

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက် ခံခြင်း၊

စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့်ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(c) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလ တွင် အချိန် ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်း များထံမှ လိုအပ်မည်ဖြစ်သည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၁၁	၅	၁၆	၂.၁%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၃	၁၇	၄၀	၄.၄%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၃၆	၂၉	၆၅	၇.၂%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၄၄	၅၅	၉၉	၁၀.၉%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၈၂	၂၃၅	၆၀၇	၆၇.၄%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၃၀	၄၄	၇၄	၈.၂%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၄၂၆	၄၇၅	၉၀၁	**၁၀၀%**	
အိမ်ထောင်စု	၂၁၀				
ပျမ်းမျှမိသားစုဝင်	၄.၂၉				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးမှတဆင့် တစ်အိမ်ဆင်းတစ်အိမ်တက်ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ပျမ်းမျှတစ်မိသားစု လျှင်(၄.၂၉) ဦးခန့်ရှိ၍ ကျေးလက်ဒေသပျမ်းမျှ မိသားစုဝင် ရှိပါသည်။

(၁.၂) လုပ်သားအင်အား

ဇယား (၂) ညောင်ဝန်းကျေးရွာ၏ လုပ်သားအင်အား

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း		အခြား လုပ်ငန်း	မှတ်ချက်
		အဓိကလုပ်ငန်း	%		
၁	**စိုက်ပျိုးရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စားလုပ်သား) • မိသားစုဝင်လုပ်အား	၁၃၈	၆၅.၇%		စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သောမိသားစု
၂	**မွေးမြူရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စားလုပ်သား) • မိသားစုဝင်လုပ်အား	၂၄	၁၁.၄%		မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည်။
၃	**ငါးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စားလုပ်သား) • မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း		အခြားလုပ်ငန်း	မှတ်ချက်
		အဓိကလုပ်ငန်း	%		
၄	**သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၅	**ကုန်ထုတ်လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း			၁၃	ဆီစက်(၂)လုံး၊ကျောက်ဖရုံ ယိုလုပ်ငန်း(၁)ဦး၊တို့ဟူး ခြောက်လုပ်ငန်း (၁၀) ဦး
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့်ရေပေးဝေရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၇	**ဆောက်လုပ်ရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စားလုပ်သား)	၄	၁.၉%		လက်သမား၊ပန်းရံလုပ်ငန်းများလုပ်ဆောင်ကြသည်။
	• မိသားစုဝင်လုပ်အား				
၈	**စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်**				
	• ကိုယ်ပိုင်လုပ်ငန်း			၉	ဆိုင်ကယ်ပြင်(၂)ဦး၊စက်ချုပ်(၆)ဦး၊ဆံပင်ညှပ်(၁)ဦး
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၀	**လက်လီလက်ကား အရောင်းအဝယ်**				
	• ကိုယ်ပိုင်လုပ်ငန်း	၁၀	၄.၈%		အိမ်ဆိုင်၊ ကုန်စုံဆိုင်၊
	• လုပ်သား(လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်ငန်း				
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင်များ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း		အခြား လုပ်ငန်း	မှတ်ချက်
		အဓိကလုပ်ငန်း	%		
၁၂	**ပို့ဆောင်ဆက်သွယ်ရေး နှင့်ဝှက် သိုလှောင်ခြင်း၊**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၃	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၄	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့်ဝှက် အလားတူလုပ်ငန်းများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့်ဝှက် အောကင်းလုံခြုံရေး)**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား	၁	၀.၄%		
၁၆	**ပညာရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၇	**ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၈	**လူမှုရေးလုပ်ငန်းများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းများ (အထက်ဖော်ပြပါလုပ်ငန်းများအပ)**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)	၃၃	၁၅.၇%		ကြိုရာကျပန်းလုပ်ကိုင်စား သောက်ကြသည်။
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း		အခြား လုပ်ငန်း	မှတ်ချက်
		အဓိကလုပ်ငန်း	%		
၂၀	**ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား (လခစား၊နေ့စားလုပ်သား)				
	• မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၂၁၀	၁၀၀%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ - ၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အိမ်ထောင်စု (၂၁၀) အိမ်ထောင်စု ရှိပြီး၊ စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူလယ်သမား အိမ်ထောင်စု(၆၅.၇%) အိမ်ထောင်စုရှိပြီး၊ ကျပန်းလုပ်ငန်းအဓိက လုပ်ကိုင်သည့် အိမ်ထောင်စု (၁၅.၅%) အိမ်ထောင်စုနှင့် လက်လီဈေးသည် ပန်းရံ ၊ လက်သမား ၊ စက်ဘီး၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ အရောင်းအဝယ်၊ ဗွီဒီယိုဓာတ်ပုံရိုက်ကူးရေး စသည့်လုပ်ငန်းများကို အဓိက လုပ်ကိုင်သည့်အိမ်ထောင်စု (၁၈.၈%) ရှိပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု(ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၅၀	သင့်	မရ	မိုးကောင်းသောက်
ယာမြေ	၁၂၅၀	သင့်	မရ	မိုးကောင်းသောက်
စုစုပေါင်း	**၁၄၀၀**			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ အိမ်ထောင်စု အများစုသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး မြေဩဇာအသင့်အတင့်သာ ကောင်းမွန်သော စိုက်ပျိုးမြေများဖြစ်ပါသည်။ လယ်မြေဧက ၁၅၀ ဧကနှင့် ယာမြေဧက ၁၂၅၀ ဧကရှိပါသည်။

(၁.၃.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြား သဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ	သင့်	(နွားစာ)လက်လှမ်းမှီ
(နွားစာ၊ ဆေးဘက်ဝင် အပင်များ)	မရှိ	ဆေးဘက်ဝင်အပင်များ(လက်လှမ်းမမှီ)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ -၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ မိုးနှင့်ဆောင်းရာသီတွင်နွားစာများအလွယ်တကူရနိုင်ပြီး၊ နွေရာသီတွင်လွတ်ကျောင်းနွားများအတွက် အသင့်အတင့်သာရရှိပါသည်။ မိုးခေါင်သည့် နှစ်များတွင် နွားစာရှားပါးသည်။ ကျေးရွာနှင့် ကျေးရွာ အနီးတွင်ရှားစောင်းလက်ပက်ပင်၊ ဆင်တုန်းမန္ကယ်၊ တောရှောက်ပင်တို့သာရရှိနိုင်ပြီး ဈေးကွက်ဝင်ဆေးဘက်ဝင် အပင်များမရှိပါ။

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု မွေးမြူရေး	ဧက (၃၀ -၄၀) ခုံး၊ဥစားကြက်၊တစ်နိုင်တစ်ပိုင်ကြက်မွေးမြူရေးကိုယ်ပိုင်မွေးခြင်း၊ နွား၊ ဆိတ်ပွားဖက် ပေးခြင်း။	ဧက (၁၀ - ၃၀) ခုံး၊ဥစားကြက်၊ဝက်နွား ၊ဆိတ် ကိုယ်ပိုင်မွေးခြင်း	ဧက (၅ - ၁၀) ဝက် နွား ၊ဆိတ်ပွားဖက်၊ မွေးဖက်ယူမွေးရခြင်း	မြေယာမဲ့ ဝက်၊ဆိတ် ပွားဖက် ၊ မွေးဖက်ယူမွေးရခြင်း
အိမ်အခြေအနေ	လေးပင် နှစ်ထပ်၊ တိုက်အိမ်၊ သွပ်မိုး အုတ်နံကပ်၊အုတ်ခင်း	လေးပင်အိမ် နှစ်ထပ် ၊သွပ်မိုး အုတ်နံကပ်၊ အုတ်ခင်း	လေးပင်အိမ် တစ်ထပ်၊ ထန်းရွက်မိုး၊ ထရံကာ	သုံးပင် မြေစိုက် ထန်းရွက်မိုး၊ ထရံကာ
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ထွန်စက်၊ လက်တွန်းထွန်စက်	လက်တွန်းထွန်စက်	လှည်း၊နွား၊ထွန်၊ ထယ်	ပေါက်တူး၊ ပေါက်ပြား၊ တံစဉ်
ကုန်ထုတ်လုပ်မှု နှင့်မ် မဆိုင် သော ပိုင်ဆိုင်မှု	ကား၊ထော်လာကျီ၊ ဆိုင်ကယ်၊ဖုန်း၊တီဗွီ	နွားစာစဉ်းစက်၊ ရေစုပ်စက် ၊ ဆိုင်ကယ်၊ ဖုန်း၊တီဗွီ	ဆိုင်ကယ်၊ ဖုန်း	-
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	တောင်သူ၊မွေးမြူရေး သိန်း(၄၀-၆၀) သိန်းကြား	တောင်သူ၊မွေးမြူရေး သိန်း(၃၀-၄၀) သိန်းကြား	ကျပန်း၊တောင်သူငယ်၊သိန်း(၁၅-၂၀) သိန်းကြား	ကျပန်း၊ လက်လုပ်လက်စား သိန်း(၅-၁၀) သိန်းကြား
အခြားပိုင်ဆိုင်မှု	လက်ဝတ်ရတနာ ရွှေ (၅ ကျပ်သားမှ ၁၀ ကျပ်) သားအထိ) ဝယ်ယူစုဆောင်း ထားနိုင်	လက်ဝတ်ရတနာ ရွှေ (၅ကျပ်သားမှ ၁၀ကျပ်) သားအထိ) ဝယ်ယူ စုဆောင်း ထားနိုင်	လက်ဝတ်ရတနာ အမျိုးသမီးတစ်ဆင်စာဝယ်ဝတ်နိုင်	အမျိုးသမီး နားကပ်တစ်ရံ
အိမ်ထောင်စု	၃၅	၇၆	၇၇	၂၂

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိခြင်း။ မိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၃၅) အလယ် အလတ်ရှိသော အိမ်ထောင်စု (၇၆) ၊ ဆင်းရဲသောအိမ်ထောင်စု(၇၇) ၊ အလွန်ဆင်းရဲသော အိမ်ထောင်စု (၂၂) စုရှိပါသည်။

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့်ထိခိုက်လွယ်မှုအခြေအနေ၊

ဇယား (၆) ဝမ်းစာဖူလုံမှုအခြေအနေ

ချောင်းခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃	၁၅%	တနိုင်တပိုင် မွေးမြူရေး တိရစ္ဆာန်များ (ကြက်၊ ဝက်) ရောင်းစားခြင်း၊ လုပ်အား ခငွေ ကြို ယူခြင်း၊ ဈေးသည်များထံမှ စား သောက်ကုန်များ အကြွေးယူ စားခြင်း ဖြင့် ဝမ်းစာကို ဖြေရှင်းကြရပါသည်။
၃ လနှင့် ၅ လအထိ	၃	၁၅%	ကျေးရွာ ဈေးဆိုင်များမှ အကြွေးယူ၊ ဆွေ မျိုးသားချင်းများ ထံမှ ငွေချေးငှား စားသုံး ခြင်း၊ ကျေးရွာမှ ငွေတိုးပေးသူ များထံမှ ငွေ တိုး ယူပြီး ဝမ်းစာကို ဝယ်ယူ စားသုံးရ သည်။
၆လမှ၁၂လအထိ	၁၄	၇၀%	ဈေးဆိုင်များမှ အကြွေးယူ၊ဆွေမျိုးသားချင်းများ ထံမှ ငွေချေးငှား စားသုံးခြင်း၊ ကျေးရွာ မှ ငွေတိုးပေးသူ များထံမှ ငွေတိုးယူပြီး ဝမ်းစာကို ဝယ်ယူ စားသုံးရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသူသားများသည်အများအားဖြင့်စားနပ်ရိက္ခာဖူလုံကြပြီး၊ဝမ်းစာပြဿနာမရှိကြပါ ။

(၁.၆) ထိခိုက်လွယ်မှု

ဇယား (၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	၄	၅
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	-	-	-
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၂		
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	-		
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ	-		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အသက် (၆၀) နှစ် အထက် သက်ကြီး ရွယ်အိုများသည် မိသားစု ဝင်များသည် ဆင်းရဲပြီး စားဝတ်နေရေး ခက်ခဲသောကြောင့် ရွာရပ်နှင့် ဆွေမျိုးတော်စပ်သူတို့မှ ကြည့်ရှု စောင့်ရှောက်ကြပါသည်။ ဆင်းရဲပြီး အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများနှင့် အသက် (၆၀) နှစ် အထက် သက်ကြီးရွယ်အိုများသည် သဘာဝ ဘေးအန္တရယ် ကြုံတွေ့ပါက ထိခိုက်မှု အများဆုံးကြုံတွေ့နိုင်သော သူများဖြစ်ပါသည်။

(၁.၇) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

ဇယား (၈) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	မြေယာမဲ့၊ လက်လုပ်လက်စား၊ တောင်သူငယ်များ စားနပ်ရိက္ခာ မဖူလုံ ကြပါ။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	မြင့်	ကျေးရွာတွင် မြေယာတိုးချဲ့နိုင်မှု အခြေအနေ မရှိ၊ စိုက်ပျိုးရေကို မိုးရေတစ်ခုတည်းသာအားထားစိုက်ပျိုးရသည်။ မြေအောက်ရေ မကောင်း၍၊ ရေရှည်စိုက်ပျိုးလာလျှင်စိုက်ပျိုးမြေပျက်စီးနိုင်ပါသည်။
၃	ရေကြီးခြင်း	လတ်	မိုးများသည့် နှစ်များတွင် ညောင်ဝန်းတောင်(တ)ရွာ၏ အောက်ဖက်၊ ညောင်ဝန်း(မ)ကျေးရွာ၏ အထက်ဖက် နှစ်ရွာကြားရှိမေတ္တာရေကန်သည် တာဘောင်ကျိုး ၊ ရေလျှံသောကြောင့်မြေနိမ့်ပိုင်းရှိ အိမ်ထောင်စုများ၊ ကျေးရွာလမ်းများ၊ စာသင်ကျောင်း အဆောက်အဦး၊ ကျောင်း ဝန်းကျင်၊ ကျောင်းသွားလမ်းများရေဝပ်၍နှစ်ပတ်ခန့်ကျောင်းပိတ်ရခြင်း။
၄	မိုးခေါင်ခြင်း	မြင့်	မိုးဦး၊ မိုးလယ် ပိုင်းတွင် မိုးခေါင် ခြင်း နှစ် စဉ် နီးပါး ကြုံတွေ့ရသည်။
၅	မုန်တိုင်း	လတ်	လေနီကြမ်းနှင့် မိုးသက် လေပြင်းတိုက်ခိုက်သည့်အခါ လူနေအိမ်များအိမ်ခေါင်လန်ခြင်း၊ သစ်ပင်များ ကျိုးပဲ့ခြင်းဖြစ်သည်။
၆	ငလျင်	နိမ့်	ငလျင်လှုပ်ခြင်းကိုကြုံတွေ့ရသော်လည်းပျက်စီးဆုံရှုံးမှု မရှိ။
၇	မီးဘေး	နိမ့်	ဆောင်းရာသီနှင့် နွေရာသီတွင် အန္တရာယ် ရှိနိုင်ပါသည်။
၈	ဆားငံရေဝင်မြေ	နိမ့်	မြေအောက်ရေ တူးဖော်စိုက်ပျိုးသည့်မြေများတွင်ရေရှည်ရေတင်စိုက်ပျိုးပါက(ရေမကောင်း၊ ရေငံသည့်) မြေများ၌မြေသားကြပ်ခဲပြီး၊ဆပ်ပြာပေါက်လာနိုင်သည်။
၉	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်း မှု	လတ်	စိုက်ပျိုးမြေအများစုသည်ယာမြေများဖြစ်ပါသည်။ ယာမြေများသည် မြေပြန့်လွင်ပြင်တွင်ရှိပြီး ယာကန်သင်း၌သစ်ပင်များနည်းပါးခြင်း၊ ကန်သင်းများ စနစ်တကျမရှိခြင်းတို့ကြောင့် လေတိုက်စားခြင်း၊ မိုးရေတိုက်စားခြင်းတို့ကြောင့်မြေဆီလွှာပျက်စီး၊ သီးထပ်စိုက်ပျိုးမှုများလာ ခြင်း၊ သဘာဝ နွားချေး သုံးခြင်း ထက် ဓာတုမြေဩဇာများ အသုံးများလာခြင်းကြောင့် လည်း မြေဆီ လွှာ ပျက်စီးခြင်းများလာပါသည်။ တောင်သူများသည် မြေဆီလွှာပြုပြင်သောနည်းများအသုံးပြုခြင်း မရှိသေးပါ ။ စနစ်တကျပြုပြင်နည်းမသိပါ။
၁၀	တိဘီရောဂါ	လတ်	ဆေးသောက်ဆဲ (၅) ဦးရှိ၊ ကူးစက်နိုင်မှုအခြေအနေ အသင့်အတင့်ရှိပါသည်။
၁၁	ကိုယ်ခံအားကျဆင်းမှုရောဂါ	နည်း	ခုခံအားကျဆင်းမှု ရောဂါ ရနိုင်သောဒေသများသို့၊ နှစ်ရှည်လများ အလုပ်သွားရောက်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			လုပ်ကိုင်ခြင်း တို့ကြောင့် ကူးစက်ခံရနိုင်ခြေ အသင့်အတင့် ရရှိပါ သည်။ ကာကွယ်သော နည်းလမ်းများ အကြောင်းလူတိုင်းကောင်းစွာ မသိကြပါ။
၁၂	လူကုန်ကူးခြင်း	နည်း	အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်း၊ အမျိုးသား၊ အမျိုးသမီးငယ်များနယ်စပ်ဒေသ ရှိ အလုပ်ရုံ၊ စက်ရုံများတွင်အလုပ်လုပ်ကိုင်ခြင်းတို့ကြောင့်လူကုန်ကူးခြင်းခံရနိုင်ခြေအ နည်းငယ်ရှိနိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ မိုးခေါင်ခြင်း၊ မြေဆီလွှာများ ပျက်စီးခြင်းစသော ထိခိုက်လွယ်မှုအမျိုးအစားများကြောင့် မြေယာမဲ့များ၊ လယ်သမားငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စားနပ်ရိက္ခာမဖူလုံမှုများ ကြုံတွေ့နိုင်ပါသည်။

(၁.၈) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

ဇယား (၉) ထိခိုက်လွယ်အုပ်စုများ

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နည်း	အခြားဒေသသို့ သွားရောက်အလုပ် လုပ်ရခြင်း၊ ဒေသတွင်း အရက်သေစာအလွယ်တကူ ရောင်းချ ကြခြင်း များကြောင့် အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲရန်အခွင့် အလမ်း ရှိခြင်း။ ကူးစက်ရောဂါ ကူးစက်ခံရနိုင်သည့် အခွင့်အလမ်း ရှိခြင်း ။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ် ထောင်စု	လတ်	စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်း ကြုံတွေ့နိုင်။
၃	မြေယာမဲ့၊ဆင်းရဲသား တောင်သူ	လတ်	သဘာဝဘေးအန္တရာယ်ဖြစ်သော မိုးခေါင်ခြင်း၊ လေပြင်းတိုက်ခိုက်ခြင်း၊ အချိန်အခါ မဟုတ် မိုးရွာသွန်းခြင်းနှင့် သီးနှံများတွင်ဖျက်ပိုးနှင့် ရောဂါကျရောက်ခြင်း ၊ တိရစ္ဆာန်များ ရောဂါကျရောက်ခြင်း၊ တိရစ္ဆာန်နှင့် သီးနှံဈေးနှုန်း မတည်ငြိမ်တို့ ကြုံတွေ့ရနိုင်ခြင်း
၄	သဘာဝဘေးဒဏ်ဆိုး ရွားစွာကျရောက်နိုင် သောအိမ်ထောင်စု	နိမ့်	မေတ္တာရေကန်သည် တာဘောင်ကျိုး၊ ရေလျှံသောကြောင့် မြေနိမ့်ပိုင်းရှိ အိမ်ထောင်စုများ၊ ကျေးရွာလမ်းများ၊ စာသင်ကျောင်းအဆောက်အဦး၊ ကျောင်းသွားလမ်းများပျက်စီးခြင်း ကြုံတွေ့ရခြင်း။
၅	မြေနိမ့်ပိုင်းနေထိုင်သူ များ	နိမ့်	ကျေးရွာအရှေ့ဘက်ပိုင်းနှင့်စာသင်ကျောင်းနေရာများ၌ မိုးများ သည့်အချိန်တွင် ရေအိုင်၊ ရေဝပ်ပြီး သွားလာရေးခက်ခဲ၊ နေအိမ်ရှိပစ္စည်းများနှင့် တိရစ္ဆာန်များရေလွတ်ရာ ရွှေ့ပြောင်းရသည်။
၆	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း ကြုံတွေ့ နိုင်ခြင်း။
၇	ရွှေတွင်းလုပ်သား	လတ်	လုပ်ငန်းခွင် ထိခိုက်မှုနှင့် အခြားကူးစက် ရောဂါများ ကူးစက်ခံရခြင်း ကြုံတွေ့နိုင်သည်။
၈	ကားသမား	လတ်	ထိခိုက်နိုင်မှု အခြေအနေ အသင့်အတင့် ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂။ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ(၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	မေတ္တာမွန်ပရဟိတအဖွဲ့	၂	၁၈	၂၀	၃၀	ကျန်းမာရေး၊ နာရေးကူညီခြင်း	၅	၆
၂	လူငယ်အဖွဲ့	၂	၁၀	-	၁၀	လူမှုရေးလုပ်ငန်း (အလှူ၊ မင်္ဂလာ ဆောင်) ဧည့်ခံကျွေးမွေးခြင်း	၄	၆
၃	မိဘဆရာအသင်း	၁	၇	-	၇	ကျောင်းပညာရေးတိုးတက်စေရန်	၄	၇
၄	ကျောင်းကော်မတီ	၁	၉	-	၉	ပညာရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်	၄	၆
၅	ဘာသာရေးအသင်း	၃	၂၅	-	၂၅	ဘာသာရေးလုပ်ငန်းများ	၄	၆
၆	မီးလင်းရေး	၃	၁၀	-	၁၀	ကျေးရွာမီးလင်းရေး	၄	၇
၇	အရန်မီးသတ်အဖွဲ့	၃	၅	-	၅	မီးဘေးကာကွယ်ရန်	၄	၇
၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့	၁	၅	-	၅	ကျေးရွာဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေး၊ ကျေးရွာလူမှုရေးပြဿနာ	၄	၇
၉	မြစိမ်းရောင်	၁	၅	၄	၉	ငွေစုငွေချေးလုပ်ငန်း	၅	၇
၁၀	သမချေးငွေ	၁	၅	-	၅	ငွေစုငွေချေးလုပ် ငန်း	၅	၇
၁၁	စိုက်ဘဏ်ချေးငွေ	၁	၅	-	၅	ချေးငွေထုတ်ချေးနိုင်ရန်နှင့် ပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းများအတွက်စိုက်ဘဏ်နှင့်အဖွဲ့ဝင်များကြားဆက်သွယ်ပေးခြင်း	၅	၇

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ(၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁၂	အမျိုးသမီးရေးရာ	၂	-	၁၀	၁၀	အမျိုးသမီးများ၏အခွင့်အရေးနှင့်သက်ဆိုင်သည်များဆောင်ရွက်ကူညီရန်	၅	၇
၁၃	မိခင်နှင့်ကလေး	၂		၁၀	၁၀	မိခင်နှင့်ကလေးများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်ကူညီဆောင်ရွက်ရန်	၅	၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအဖွဲ့အစည်းများသည် အချင်းချင်းချိတ်ဆက်မှုအားနည်းကြပါသည်။

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့အစည်းများမရှိပါ။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၃) စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

(၂.၃.၁) စိုက်ပျိုးရေးသီးနှံ

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆၆	၃၁.၄%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၉	၄.၂%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာ ထိ)	၃၁	၁၅%	တောင်သူငယ်
၄	၅ဧကမှ ၁၂.၅ ဧကကြား (၅ ဟတ် တာထိ)	၅၇	၂၇.၁%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်)	၄၇	၂၂.၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၂၁၀**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁-၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စုများ၏ (၃၁.၄%) နှုန်းသည် မြေယာလုံးဝ မရှိသူများ၊ မြေယာမဲ့များဖြစ်ပြီး၊ မြေယာပိုင်ဆိုင်သူများ၏ (၁၉.၂%) သည် မြေယာ (၅) ဧကအောက် မြေယာအနည်းငယ်သာ ပိုင်ဆိုင်သည့် ဆင်းရဲသော တောင်သူလယ်သမားများဖြစ်ပါသည်။ မြေယာပိုင်ဆိုင်သူ စုစုပေါင်း၏ တစ်ဝက်ကျော်သည် အလယ်အလတ်တောင်သူများနှင့် တောင်သူကြီးများဖြစ်ပါသည်။ မြေယာမဲ့များနှင့် တောင်သူငယ်များသည် ရာသီပေါ်စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျေးရွာအတွင်းအခြားပင်ငွေရလုပ်ငန်းများကိုမှီခို စားသောက်ရပါသည်။ လယ်သမားကြီးများ မိုးလေဝသကောင်းမွန်ပြီး၊ စိုက်ရေးပျိုးရေး အဆင်ပြေဖြစ် ထွန်းလျှင် မှီခိုသော လက်လုပ်လက်စား အိမ်ထောင်စုများလည်း အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေပါသည်။

(၂.၃.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ်ပတ်လုံး/ ရာသီအလိုက်)
၁	မိုးကောင်းသောက်ကန်	ကျေးရွာပိုင်	၃၅၇ ဧက	မိုးရာသီ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် မိုးကောင်းသောက်ဧရိယာဖြစ်၍ ဆည်ရေရရှိစိုက်ပျိုးနိုင်ခြင်းမရှိပါ။ မိုးရေ လှောင်ကန်များပြုလုပ် စိုက်ပျိုးထုတ်လုပ်ကြပါသည်

(၂.၃.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိုမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၃၀၀	တင်း	၃၀	၈၀	၅၀	ဝါဆို၊ ဝါခေါင်	မြင့်	လတ်	ရေမလုံလောက်
နှမ်း (မိုး)	၁၂၀၀	တင်း	၅	၁၀	၈	တန်ခူး၊ ကဆုန်	လတ်	မြင့်	ရာသီဥတုကောင်းလျှင် အထွက်နှုန်းပို ကောင်း
နှမ်း (ဆောင်း)	၂၀၀	တင်း	၅	၁၀	၈	သီတင်းကျွတ်	နိမ့်	လတ်	နောက်မိုးမများလျှင်အထွက်နှုန်းကောင်း
မြေပဲ	၇၀၀	တင်း	၁၅	၃၀	၂၀	တော်သလင်း	နိမ့်	နိမ့်	ပိုးကျ၊အထွက် နှုန်းမကောင်း
ကုလားပဲ	၇၀	တင်း	၃	၁၀	၈	သီတင်းကျွတ်၊ တန်ဆောင်မုန်း	နိမ့်	လတ်	ပိုးကျခြင်း
ဆွန်တာနီပဲ	၅၀	တင်း	၅	၁၅	၁၀	သီတင်းကျွတ်၊ တန်ဆောင်မုန်း	နိမ့်	လတ်	မိုးဆီးနှင်းများလျှင် မအောင်
ပဲတီစိမ်း	၃၀	တင်း	၃	၈	၅	ဝါခေါင်၊ တော်သလင်း	များ	လတ်	ပိုးကျ
ပဲစဉ်းငုံ	၁၀	တင်း	၃	၇	၅	တန်ခူး၊ ကဆုန်	နိမ့်	သင့်	သီးညှပ်စိုက်
နေကြာ	၂၅	တင်း	၃	၁၀	၅	နယုန်	နိမ့်	နိမ့်	သီးရောစိုက်
သရက်	၁၀								
ဖရဲ	၃၀၀								တရုတ်မြေဌားစိုက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အဓိက စိုက်ပျိုးသော သီးနှံများမှာ နှမ်း၊ စပါး၊ မြေပဲနှင့် ကုလားပဲသီးနှံတို့ဖြစ်ပြီး၊ ဆွန်တာနီ၊ ပဲတီစိမ်း၊ နေကြာနှင့် ပဲစဉ်းငုံသီးနှံတို့ကို အနည်းငယ်စိုက်ပျိုးကြပါသည်။ နှစ်စဉ် မိုးခေါင်ရေရှားခြင်းနှင့် သီးနှံပိုးကျခြင်းတို့ကြောင့် သီးနှံမအောင်မြင်ဘဲ အထွက်နှုန်းလျော့လာသည်ကို တောင်သူများကြုံတွေ့ရသည်။ ကျေးရွာရှိတောင်သူများသည် စိုက်ပျိုးရေး နည်းစနစ်နှင့် ဘက်စုံရောဂါပိုးမွှားကာကွယ်နည်းပညာများကို မရရှိပါ။

(၂.၃.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၄	မရှိ	တောင်သူကြီးများမှ ပိုင်ဆိုင်ပြီး ၎င်းတို့ ထွန်ယက်ပြီးလျှင် တစ်နာရီကို(၁၆၀၀၀)ကျပ်ဖြင့်ငှားသုံးနိုင်ပါသည်။
လက်တွန်းထွန်စက်	၁၀	မရှိ	တောင်သူကြီးများနှင့် တောင်သူအလတ်တို့ ပိုင်ဆိုင် ပြီး ၎င်းတို့ထွန်ယက် ပြီးမှ နီးစပ်ရာကို တစ်ဧက လျှင် လယ်ရှင်မှ ဆီထည့်ပေး ရသည့်အပြင် ငွေ (၈၀၀၀) ရှစ်ထောင် ကျပ်ဖြင့် ငှားသုံး ရပါ သည်။
ရေစုပ်စက်	၂	မရှိ	တောင်သူလတ်များပိုင်ဆိုင်ပြီး ငှားမသုံးပါ၊ အခြားတောင်သူများသည် ရေတင်စိုက်ပျိုးရန် ရေအရင်းအမြစ် မရှိပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ လယ်ယာသုံးကိရိယာပိုင်ဆိုင်မှုအနေဖြင့် လုံလောက်မှုရှိပါသည်။

(၂.၃.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	ကျေးရွာရှိ လယ်မြေများသည် မြေဆီလွှာ ကောင်းမွန်ပြီး ယာမြေ အများစုမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ မြေ အောက်ရေ ရရှိပါက သီးထပ် စိုက်ပျိုးနိုင်ပါသည်။
ရေအရင်းအမြစ်	ရှိ	တောင်သူများ တစ်နိုင်တစ်ပိုင် မိုးရေလှောင်ကန်များမှစပါး စိုက် ပျိုးရန် ရေရှိပါသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ကျေးရွာတွင် နွားချေး၊ နှမ်းရိုးနှင့် ပဲမျိုးမျိုး၏ အမှော် စပါးရိုး ပြတ်စသည့် စွန့်ပစ်အမှိုက် များစွာ ရှိပါသည်။
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	တောင်သူ (၃)ဦးသည် မြန်မာ့ဆေးရွက်ကြီးကို ဆေးစိမ်ပြီးပိုး ကြိုတင်ကာကွယ်ဆေး အဖြစ် အသုံးပြုနေပါသည်။ အောင်မြင်မှု အသင့်အတင့် ရှိပါသည်။
ချေးငွေရရှိမှု	ရှိ	မြန်မာ စိုက်ပျိုးရေးဘဏ်၊ သမအသင်းစုနှင့် ကျေးရွာမှ ငွေတိုးချေးသူများထံမှ ချေးငွေရရှိပါသည်။
သွင်းအားစုဈေးကွက်	ရှိ	မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးပစ္စည်း၊လယ်ယာသုံးကိရိယာများကို ကျောက်ဆည်မြို့တွင် အလွယ်တကူ ဝယ်ယူနိုင်ပါသည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုဈေးကွက်	ရှိ	ရွှေခြေသေ့ ကုမ္ပဏီသည် မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်သော မြေဩနှင့် ပိုးသတ်ဆေး သုံးစွဲနည်းများကို ကျေးရွာရှိ တောင်သူများ ရရှိ။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	စိုက်ပျိုးရေးသီးနှံစုံကို မန္တလေးမြို့၊ ကျောက်ဆည်မြို့ များတွင် အလွယ်တကူ ရောင်းချ နိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စိုက်ပျိုးမြေကောင်းများ ရှိပြီး၊ စိုက်ပျိုးရေးလုံလောက်စွာရရှိပါက သီးနှံထုတ်လုပ်မှုတိုးတက်လာပါမည်။ နွားများမွေးမြူမှုများ၍ သဘာဝမြေဩများကို ပေါများစွာ သုံးနိုင်ပါသည်။ မိုးရေလျှောင်ကန်များကို ပြုပြင်သုံးစွဲနိုင်ပါသည်။

(၂.၃.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	မြေယာထပ်မံတိုးချဲ့၍ မရနိုင်ပါ။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	သင့်တင့်သော အတိုးနှုန်းဖြင့် ချေးငွေလိုအပ်သလောက်မရရှိပါ ။ ပုံစံ ၇ ရှိသူများကိုသာ ချေးငွေရသည်။ ပုံစံ ၇ လုပ်ရန် ကြန့် ကြာခြင်း။
သွင်းအားစုတတ်နိုင်မှု	ရှိ	လိုအပ်သော သွင်းအားစုများကို လိုအပ်သလောက် အချိန်မီ ထည့်သုံးရန် လယ်သမားများတွင် အရင်းအနှီး မလုံလောက်ခြင်း။ ဓာတုဆေးများ၊ မြေဩများ ဈေးနှုန်းမြင့်မားခြင်း၊ မတက်နိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ကြောင့် မသုံးနိုင်ပါ။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	စိုက်ပျိုးရာသီချိန်၊ လုပ်ငန်း လုပ်သားလိုအပ်မှု တူသော ကြောင့်လုပ်သားရှားပါးခြင်း၊ တရုတ် ဖရဲစိုက်ခင်းများမှ လုပ်သားများစွာ အလုပ်ပေးခြင်း၊ ဝင်ငွေပိုရသောအခြားဒေသသို့ သွားရောက် လုပ်ကိုင်ကြခြင်းတို့ကြောင့် လုပ်သားရှားပါးသည့် ပြဿနာနှင့် ကြုံတွေ့ရပါသည်။
မိုးရေမလုံလောက်မှု	ရှိ	နှစ်စဉ် မိုးဦးနှင့် မိုးလယ်ကာလများတွင်မိုးခေါင်ခြင်းကြုံတွေ့ရ ပါသည်။
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	ချေးငွေ အလုံအလောက် မရရှိခြင်း၊ တောင်သူငယ်များတွင်လိုအပ် သော လုပ်ဖက်ကိရိယာမပြည့်စုံ၍ ငှားရမ်းသုံးစွဲ ရခြင်း၊ လို အပ်ချိန်တွင် မရခြင်း၊ စိုက်ပျိုးရေးပစ္စည်းများကိုအလုံအလောက်မဝယ်နိုင်ခြင်းစသောအခက်အခဲများကြုံတွေ့ရပါသည်။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	စပါးတွင် အမြစ်ပိုး၊ ဆစ်ပိုး၊ နီတိုစသော ပိုးမွှားရောဂါများကျရောက်ပါသည်။ မြေပဲရွက်လိပ်ပိုး ၊ နှမ်း လည်လိမ်ရောဂါကျရောက်ပြီး၊ ကုလားပဲ သီးနှံတွင် ရွက်စားပိုး ကျရောက်သည်။
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	ဆေးကုမ္ပဏီများမှလည်း မိမိတို့ ထုတ်လုပ်သော မြေဩနှင့် ပိုးသတ်ဆေး သုံးစွဲနည်းများကိုသာ ပြောပြပြီးဆေးရောင်းရန်သာ အဓိကထားခြင်း၊ အခြားအဖွဲ့အစည်း များ၊ သက် ဆိုင်ရာဌာနများမှလည်း နည်းပညာအကူအညီနှင့်နည်းလမ်းများမရရှိပါ။
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	ယခုနှစ်တွင်ဈေးကောင်းသော သီးနှံကို နောင်နှစ်တွင် တစ်ရွာလုံး လိုက် စိုက်ကြပြီး၊ သေချာသော၊ အာမခံချက် ရှိသော သီးနှံဈေး ကွက်မရှိခြင်း။ မြို့နယ်ပွဲရုံဖြတ်သည့်ဈေးဖြင့်

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
		ရောင်းချရခြင်းကြောင့်ဈေးကောင်း၊မြင့်မရကြပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိတောင်သူများသည် သီးနှံထွက်ကုန်များကို ပွဲရုံပွဲစားများမှဖြတ်သည့် ဈေးနှင့်ရောင်းရခြင်း၊ ဈေးကွက်မတည်ငြိမ်၊ သယ်ယူစရိတ်များခြင်း၊ ဈေးကောင်းမရခြင်းတို့ ကြုံတွေ့ရ ပါသည်။ ကျေးလက်ဒေသ သီးနှံထွက်ကုန်များ အတွက် အမှန်တကယ် လည်ပတ်ပြီး၊ တောင်သူများ အတွက် အကျိုးရှိသော လက်လှမ်းမှီသော လက်လီလက်ကား ဈေးကွက်စနစ်၊ ဈေးကွက်မူဝါဒမျိုး နိုင်ငံတော် အပိုင်းအနေဖြင့် လုပ်ဆောင်ပေးဖို့လိုအပ်ပေမည်။ တချို့တောင်သူကြီးများသည် ရာသီသီးနှံအစား တခြားနှစ်ရှည်သီးနှံများ (သနပ်ခါး၊ သရက်၊ စသော)ကို စိတ်ဝင်စားလာကြပါသည်။ သီးနှံအထွက်နှုန်း ကောင်းစေရန်အတွက် ဘက်စုံပိုးမွှားကာကွယ်ရေး၊ စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်ရရှိနိုင်သော၊ ကူညီပံ့ပိုးနိုင်သောဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပေးရန် လိုအပ်ပါသည်။

(၂.၃.၂) မွေးမြူရေးနှင့်ငါးလုပ်ငန်း

ဇယား (၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း (အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၁၄၉	ခိုင်နွား (၃၉၅) ကောင် ၊နို့စားနွား (၁၉၉) ကောင်
မြင်း	၄	(၉) ကောင်
ဆိတ်	၈	(၂၈၀) ကောင် ဆိတ်၊သိုးပေါင်း
ဝက်	၁၂၃	(၄၁၁) ကောင်
ကြက်	၄၃	(၄၈၃) ကောင်
ဘဲ	၁	(၅) ကောင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ -၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် နွားမွေးမြူသူဦးရေအိမ်ထောင်စု(၁၄၉)အိမ်ရှိပြီး၊ခိုင်းနွား(၃၉၅)ကောင်၊ နို့စားနွား (၁၉၉)ကောင်ရှိပါသည်။ ကျေးရွာသားများအနေဖြင့် ယခုလက်ရှိ မွေးမြူထားသောနွားမျိုးမှာ ဒေသနွားမျိုးဖြစ်ပြီး မျိုးညံ့သည့်အတွက် ဈေးရရှိမှု နည်းပါးသည်။

(၂.၃.၂.၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
ရေရရှိမှု	မေတ္တာရေကန်နှင့် ကျေးရွာရှိ ရေတုံဘိုင်များတွင်ရေလုံလောက်စွာရရှိပါသည်။
သွင်းအားစုဈေးကွက်	တိရစ္ဆာအစာအတွက် ကျေးရွာတွင်းနှင့် ကျေးရွာအနီးတဝိုက်တွင် အလွယ်တကူရရှိနိုင်သည်။
ဝန်ဆောင်မှုဈေးကွက်	မြို့နယ်မှ တိမွေးကုဆရာဝန်များ ပုံမှန်ကာကွယ်ဆေး ထိုးပေးကြပြီး လိုအပ်ပါက ကျေးရွာတွင်း မွေးမြူရေးလုပ်သား (ကြက်ခြေပြာ)(၁)ဦးရှိသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ကျေးရွာတွင်း ပွဲစားများတိုက်ရိုက်လာရောက်ဝယ်ယူ၍ အလွယ်တကူ ရောင်းချ၍ရသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	တပိုင်တနိုင် မွေးမြူရန်အတွက် လုံလောက်သော အိမ်ခြံဝင်းမြေနေရာရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ -၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်

(၂.၃.၂.၃) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	အသားစားကြက်များကို တိုးချဲ့မွေးမြူရန်နှင့် နွားမျိုးသန့်များကို ဝယ်ယူမွေးမြူရန်အတွက် သင့်လျော်သော အတိုးနှုန်းနှင့် ချေးငွေ လက်လှမ်းမီမှု မရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	နွားများတွင် ခွာနာလျှာနာ၊ ပေါင်ပုတ်လက်ပုတ်ဖြစ်ပွားပါသည်။
သွင်းအားစုဈေးကွက်	ဒေသတွင်းမွေးမြူသောနေသော နွားများသည် ဒေသမျိုးများဖြစ်ပြီး၊ မျိုးမသန့်ဟု ယူဆပြီး၊ ဈေးကောင်းမရပါ။ စဉ့်ကူး၊ ရွှေဘိုဘက်မှ နွားမျိုးသန့်များကို ဝယ်ယူရန် လက်လှမ်း မမှီခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀၊၁၂ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ မိမိတို့မွေးမြူနေသည့် နွားမျိုးကိုရောင်းပြီး ဝယ်ယူရန်အတွက် ဈေးနှုန်း ကွာဟချက်ကြောင့် လက်လှမ်းမမှီဖြစ်နေပါသည်။အခြားအခက်အခဲသည် ချေးငွေလုံလောက်မှု မရှိပါ။

(၂.၃.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစု ဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း	၁၃	၅		(လတ်) ဆီစက် (၂) လုံး ၊ ကျောက် ဖရုံယို လုပ်ငန်း(၁) ဦး၊ တို့ဟူး ခြောက်လုပ်ငန်း (၁၀) ဦး ၊ ကျောက်ဖရုံယို လုပ်ငန်း လုပ်သား (၅)ဦး
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၄	၄၀		(မြင့်) လက်သမား(၂) ဦး၊ ပန်းရံ (၄) ဦး လက်သမား၊ ပန်းရံနောက်လိုက် (၃၈)ဦး၊
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၉	၇		(လတ်) ဆိုင်ကယ်ပြင်(၂) ဦး၊ စက်ချုပ်(၆) ဦး၊ ဆံပင်ညှပ်(၁)ဦး ဆောက်လုပ်ရေး၊ ဝရိန်ဆော် လုပ်ငန်း လုပ်သား (၇)ဦး။
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၁၀			(မြင့်) နွားနို့ပွဲစား (၃) ဦး (မြင့်) စားသောက်ကုန်၊ လူသုံး ကုန်စုံရောင်းချခြင်း။ ကုန်စုံဆိုင် ၄ ဆိုင်၊

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
					အိမ်ဆိုင် ၃ ဆိုင်
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး		၂		(လတ်) ကျေးရွာမှ မြို့သို့ သွားသော ယာဉ်မောင်း အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ် ရေး နှင့် ဘေးကင်းလုံခြုံရေး)		၅		စစ်မှုထမ်း(၃)ဦး ၊ ပြည်သူ့ရဲ(၁) ဦး အထွေထွေအုပ်ချုပ်ရေး (၁)ဦး ။
၁၃	ပညာရေး		၁၁		ပညာရေးဝန်ထမ်း
၁၄	ကျန်းမာရေး		၃		(မြင့်) ဆရာဝန် (၁) ဦး၊ ကျန်းမာရေးဝန်ထမ်း (၂) ဦး
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားအငှားလိုက်လုပ်ငန်းများ				
၁၇	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ				
	စုစုပေါင်း	**၃၆**	**၇၉**		

- **စွန့်ဦးလုပ်ငန်းရှင်ပေါင်း – ၃၆**
- **ကျွမ်းကျင်လုပ်သားပေါင်း**
- **ကျပန်းလုပ်သားပေါင်း**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ၎င်းအပြင် ကျေးရွာလုပ်ငန်းများ ကျပန်းလုပ်ငန်းများလုပ်ကိုင်နေသော လုပ်သားများလည်းရှိ၍ ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် တဖက် တလမ်းမှ များစွာအထောက်အကူပြုနိုင်ပါသည်။ ကျေးရွာတွင်ပဲအခြေခံ ကုန်ခြောက်လုပ်ငန်း၊ ကျောက်ဖရုံယို လုပ်ငန်းများသည် ဈေးကွက်ရှိ၍တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ကျေးရွာသားများ၏ စွန့်ဦးတီထွင်နိုင်မှုကို တွန်းအားပေးရန် လိုအပ်ပေမည်။ လုပ်ငန်းအလိုက် လုပ်သားဦးရေ စာရင်းကို အတိအကျသိရန် လိုအပ်ပါသည်။

(၂.၃.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကျောက်ဖရုံယိုလုပ်ငန်းကို ကျေးရွာတွင် လုပ်ငန်း ရှင်တစ်ဦးမှ လုပ်ဆောင်နေပါသည်။ ကျွေးရွာ အတွင်း၊ နီးစပ်ရာကျေးရွာ၊ တံတားဦး၊ မန္တလေး ဈေးကွက် ရှိပါသည်။ တွင်ကျယ် ထုတ်လုပ် နိုင်ပါသည်။	ရာသီတိုင်း ကျောက်ဖရုံသီးမထွက်၍ အသီးပေါ်ချိန်ဝယ်ယူ စုဆောင်း ထားရသည်။ သကြားဈေးနှုန်းမြင့်ခြင်း။ထင်းမီးနှင့် ယိုထိုးရန်ကုန်ကျစရိတ်များခြင်း။စွန့်ဦးတီထွင်နိုင်စွမ်းမရှိခြင်း၊ လျှပ်စစ်မီးမရသေးခြင်းအခြားအသက်မွေးသင်တန်းများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
လုပ်ငန်းကျွမ်းကျင်စွာလုပ်ဆောင်နိုင်သည်။ဒေသတွင်း မကျည်းသီး၊ ခရမ်းချဉ်သီး၊ ဇီးသီးများ ပေါများစွာ ရနိုင်၍ ယိုလုပ်ငန်းများ တိုးချဲ့လုပ် ဆောင် နိုင်ခြင်း	လက်လှမ်းမမှီခြင်း
တို့ဟူး(သို့) ပဲအခြေခံမုန့် ခြောက်လုပ်ငန်း လုပ်ကိုင်ရန် ဈေးကွက်ရှိပါသည်။ ကျေးရွာမှ ကုလားပဲထွက်ရှိခြင်း။	မိုးရာသီတွင် မုန့်အခြောက်လှန်းရန် အခက်အခဲရှိခြင်း။ လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီးမတည်ငွေ မပြည့်စုံ စုံခြင်း။
နွားနို့အရောင်းအဝယ်လုပ်ငန်းသည် အလားအ လာ ကောင်းပါသည်။ ဝယ်လိုအား၊ရောင်းလိုအားဈေးကွက် ရှိခြင်း။ မြဘုရင် နို့ချက်စက်ရုံနှင့်လက်လှမ်းမီခြင်း။	မိုးရာသီ ရာသီဥတုမကောင်းလျှင်၊မိုးများသည့်အချိန်၊လမ်းပန်း ဆက်သွယ်ရေးမကောင်း၍ နွားနို့ပို့ချိန် နောက်ကျခြင်း ၊ နို့များပျက်စီးခြင်းကြုံတွေ့ရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဇီးသီး၊ မန်ကျည်းသီးနှင့် ခရမ်းချဉ်သီးတို့ကို ရာသီအလိုက်ရရှိပါသည်။ ယိုစုံထုတ်လုပ်ရန် ဈေးကွက်ဝင် နည်းပညာနှင့် လုပ်ငန်းမတည်ရန် အရင်အနှီးများလိုအပ်ပါသည်။ တို့ဟူး လုပ်ငန်းသည် ကုလားပဲကို ကြိတ်ပြီး ပဲဖတ်စစ်ကာ ပဲအနှစ်ရည်ကို မုန့်ကျိုခြင်း ၊ ပဲဖတ်ကို ဝက်စာအဖြစ် အသုံးပြုနိုင်သောကြောင့် မုန့်လုပ်သူသည် မုန့်လုပ်ငန်းမှ အမြတ်ရသည့်အပြင် ဝက်စာရရှိပါသည်။ ကုလားပဲ ကို အခြေခံပြုလုပ်သော ဈေးကွက်ဝင်မုန့်ခြောက်များ တိုးချဲ့လုပ်ကိုင်ရန် စိတ်ဝင်စားကြပါသည်။ သို့သော် စနစ်တကျပြုလုပ်နိုင်သော မုန့်ခြောက်လုပ်နည်းပညာများ၊ ထုတ်ပိုးမှုစနစ်များ ရရှိရန် လက်လှမ်းမမှီပါ။ ထိုကြောင့် အိမ်တွင်းစာသောက်ကုန်ထုပ်လုပ်နည်းပညာပေးနိုင်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန်လိုအပ်ပါသည်။

(၂.၃.၄)ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျောက်ဆည်၊ တံတားဦး၊	မန္တလေး
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	(၃၅)မိုင်၊ (၁၄)မိုင်	(၄၅)မိုင်
ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု	လူသုံးကုန်၊စားသောက်ကုန်၊စိုက်ပျိုးရေးပစ္စည်း၊ အသေးစားအိမ်ဆောက်ပစ္စည်း	အကြီးစားလယ်ယာသုံး ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်း
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ကောင်း	အလွန်ကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀၊၁၁၊၁၂ ရက်၊ ၈ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ညောင်ဝန်းကျေးရွာသည် တံတားဦးမြို့နယ်အဆုံး နွားထိုးကြီးနယ်စပ်ရိယာအစနယ်နိမိတ်မှာ တည်ရှိသည်။ ကျေးရွာသားများသည် လူသုံးကုန်ပစ္စည်းနှင့် အဝတ်အထည်၊ စားသောက်ကုန်ပစ္စည်းများ ဝယ်ယူရန်အတွက် ကျောက်ဆည်ဈေးသို့ သွားရောက်ဝယ်ယူမှုများကြပြီး၊ အကြီးစား လယ်ယာသုံးပစ္စည်းများ ဝယ်ယူရန် မန္တလေးဈေးကွက်သို့ အသွားများကြပါသည်။ တခါတရံတွင် တံတားဦးဈေးသို့လည်း သွားကြပါသည်။ မြစ်သား၊နွားထိုးကြီးနယ်သို့လည်း သွားကြပါသည်။ ယေဘုယျအားဖြင့် ဈေးကွက်ဝန်ဆောင်မှု ကောင်းပါသည်။

(၂.၃.၅) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ် (စိုက်ဘဏ်)	ချေးငွေ	၆လ	ပြား၈၀	လို (ပုံစံ၇ပေးရ)	ဧကရှိသလောက်မရ၊ ပုံစံ(၇)ရှိမှရ
ပုဂ္ဂလိကဘဏ်	ချေးငွေ	၆လ	တစ်ကျပ်သုံးဆယ့်ငါးပြား	မလို	လိုသလောက်မရ
ငွေချေးပေးသူ	ချေးငွေ	ကာလသတ်မှတ်ထား	တိတိကျကျမသတ်မှတ်ထား၊	လို	လိုချင်တဲ့အချိန်၊လိုအပ်သလို ချေးလို့မရ။
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	တိကျသောကာလ	တိတိကျကျမသတ်မှတ်ထား၊	မလို	လိုသလိုမရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (ရက်၊ လ၊ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးစရိတ် ချေးငွေရရှိနိုင်ပါသည်။ စိုက်ဘဏ်အဖွဲ့ဝင် (၁၃၀) ဦးရှိပြီး၊ လယ်တစ်ဧကကို (၁၀၀၀၀၀)ကျပ်နှင့် ယာတစ်ဧကကို (၂၀၀၀၀)ကျပ်ဖြင့် လယ် ၁၀ ဧကအများဆုံးနှင့်ယာဧက ၁၀ အများဆုံးသာရရှိပါသည်။ စိုက်ဘဏ်မှ သတ်မှတ်ထားသည့် နည်းဥပဒေအတိုင်း ပုံစံ(၇) ရှိသူများသူ တောင်သူများအားလုံးချေးငွေရရှိပါသည်။ ချေးငွေကာလ(၆)လဖြစ်ပြီးအတိုးနှုန်းမှာ (၈၅)ပြားဖြစ်ပါသည်။ ကျေးရွာသားများသည် သမဂ္ဂချေးအသင်းမှလည်း ငွေချေးရယူနိုင်ပြီး အတိုးနှုန်းမှာ (၁ကျပ်၃၅ ပြား) ဖြစ်ပါသည်။ ကာလကို (၆)လသတ်မှတ်ထားကာ အဖွဲ့ဝင်ဦးရေ (၉၃) ဦးဖြင့် အများဆုံးကျပ်ငွေ(၁၂၀၀၀၀)မှ အနည်းဆုံးကျပ်ငွေ (၅၀၀၀၀)ကျပ် ချေးယူ ရရှိနိုင်ပါသည်။ သမဂ္ဂချေးငွေတွင် ကျေးရွာမှ ကော်မတီ(၅)ဦးရှိကာ ကော်မတီ၏ အာမခံဖြင့် ငွေထုတ် ချေးနိုင်ပါသည်။ ကျေးရွာသားများအနေဖြင့် ဆွေမျိုးများနှင့် အတိုးပေးစား သူများမှလည်း ချေးငွေ ရရှိနိုင်ပါ သည်။ အတိုးပေးသူတစ်ဦး၊ နှစ်ဦးသာရှိပြီး၊ ကာလတိုချေးလျှင် (၁၀) ကျပ်နှင့် ငွေပမာဏ နည်းနည်းများပါက (၇)ကျပ်တိုး ပေးရပါသည်။ ငွေချေးလျှင် အာမခံထားရပြီးလိုအပ်သည့်အချိန်တွင်ငွေချေးနိုင်ရန်ခက်ခဲပါသည်။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မြစိမ်းရောင်စီမံကိန်းမှလည်း ချေးငွေများရရှိရန် ကျေးရွာတွင်း ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်နေပြီဖြစ်ပါသည်။

(၂.၃.၆) သဘာဝဘေးအန္တရာယ်လျော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	အသင့်အတင့်ရှိ	စိုက်ပျိုးမြေ အများစုသည် မြေပြန့် လွင်ပြင်တွင် တည်ရှိပြီး၊ လေကာပင်များနည်းပါးခြင်းကြောင့် လေတိုက်စားခြင်း၊ ရေတိုက်စားခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးမှုများလာနိုင်ပါသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	အသင့်အတင့်ရှိ	သီးနှံများတွင် ပိုးနှင့် ရောဂါကျရောက်မှု များလာသောကြောင့် တောင် သူအများစုသည် ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုများလာပြီး စနစ်တကျမသုံးခြင်းတို့ကြောင့်ပတ်ဝန်းကျင်နှင့်သုံးစွဲသူများတွင်အန္တရာယ်ရှိနိုင်ပါသည်။

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
ရေအရင်းအမြစ်	အနည်းငယ်	မြေအောက်ရေ မကောင်းသည့် မြေကွက်များတွင် မြေ အောက် ရေ တူးဖော်စိုက်ပျိုးပါက နှစ်ကြာလာလျှင် စိုက်ပျိုး မြေပျက်စီးသွား နိုင်ပါသည်။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	အသင့်အတင့်	ပလပ်စတစ် အိတ်များ စနစ်တစ်ကျ မစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေး သုံး ဓာတုဆေးပစ္စည်းခွံများ စနစ်တကျ မစွန့်ပစ်ခြင်းနှင့်ဆေးဘူးအခွံ များကို ပြန်လည် အသုံးပြုခြင်းကြောင့် အန္တရာယ်ရှိမှုအသင့် အတင့် ရရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ - ၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ သဘာဝပတ်ဝန်းကျင်နှင့်အရင်းအမြစ်စီမံခန့်ခွဲမှုတွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်၊ အသိများ မသိရှိကြပါ။ မိရိုးဖလာနည်းတိုင်းသာ လုပ်ကိုင်စားသောက်နေကြပါသည်။

(၂.၃.၆.၂) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	နည်း	ရေလွှမ်းမိုးနိုင်သောဆည်မြောင်း နှင့်ချောင်းမရှိ။	
မီးဘေး	လတ်	မိုးခေါင်ပြီး၊ရာသီဥတုပူသော ဒေသဖြစ်၍ မီးလန့်ရုံသာ ဖြစ်ဖူးပါသည်။	အရံမီးသတ်တပ်ဖွဲ့ရှိပါသည်။အိမ်တိုင်း မီးချိတ်၊မီးကပ်၊သဲအိတ်၊ ရေအိတ်ထား ရှိခြင်း၊အုပ်ချုပ်ရေးမှူးမှ နွေရာသီတွင် နေ့တိုင်းအသံချဲ့စက်နှင့် နှိုးဆော်ပေး ခြင်း၊ မနက် (၈)နာရီနောက် ပိုင်းနှင့် ညနေ(၆) နာရီ နောက်ပိုင်း မီးကြွင်းမီး ကျန် မရှိရန် လိုက်စစ်ဆေးခြင်းများ လုပ်ဆောင်ပါသည်။
မိုးခေါင်ခြင်း	မြင့်	သစ်ပင်သစ်တောမရှိခြင်း။ မိုးခေါင်ရေရှား၊ အညာအပူ ပိုင်းဒုနှတွင် ရှိနေခြင်း။	ကျေးရွာအလိုက် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း အစီအမံ ရှိသော်လည်း စိုက်ပျိုးမအောင်မြင်ပါ ။
တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှု	နိမ့်ပါး	နွားများတွင် ခွာနာ၊လျှာနာ ၊ ပေါင်ပုတ်လက်ပုတ်များဖြစ်ပွား ပါသည်။	တိမ်းကုဋ္ဌာနမှ ကာကွယ်ဆေးများ လရောက်ထိုးပေးခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

(၂.၄) ပညာရေး

(၂.၄.၁) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	ဧနှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၄	၆	၁၀	၁.၃ %
ဘာသာရေးအခြေပြုပညာရေး	၁၁၄	၈၃	၁၉၇	၂၅.၅ %
မူလတန်းမပြီးမီကျောင်းထွက်သူများ	–	–	–	
မူလတန်းပညာရေးပြီးဆုံးသူများ	၁၄၃	၁၄၁	၂၅၇	၃၆.၄ %
အလယ်တန်းပညာရေးပြီးဆုံးသူများ	၅၅	၅၁	၁၀၆	၁၃.၆%

ပညာရေး	ကျား	မ	ပေါင်း	၉နှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ၏ %
အထက်တန်းပညာရေးပြီးဆုံးသူများ	၂၅	၂၃	၄၈	၆.၁ %
တက္ကသိုလ်ပညာပြီးဆုံးသူများ	၁၅	၃၀	၄၅	၅.၇ %
၉ နှစ်အထက်လူဦးရေပေါင်း	၃၅၆	၃၃၄	၇၈၀	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀ -၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ ၉ နှစ်အထက်လူဦးရေ၏ ၅.၇ % သည် ဘွဲ့ရပညာတက်များဖြစ်ကြပြီး၊ အထက်တန်း ပညာရေး ပြီးဆုံးသူများသည်လည်း ၆.၁% ရှိပါသည်။ ကျေးရွာအိမ်ထောင်စုများသည် ပညာရေး စိတ်ဝင်စားမှု ရှိကြပြီး အခြေခံစာရေးတက်၊ ဖတ်တက်ကြပါသည်။ စာမတတ်သူ ကျား(၄)ယောက်နှင့် မ(၆) ယောက်စုစုပေါင်း (၁၀)ဦး ရှိပါသည်။ ကျေးရွာတွင် ဘာသာရေးအခြေပြု ပညာရေး တတ်မြောက်မှု နှုန်းသည် ၂၅.၅ % ရှိပြီး၊ မူလတန်းပညာရေး တတ်မြောက်မှုနှုန်းသည် ၉ နှစ်အထက် လူဦးရေ၏ ၃၆.၄ % နီးပါး ရှိပါသည်။ ယခုအခါ ကျေးရွာမိသားစုများသည် ပညာရေးကို ဦးစားပေးကြပြီး အနည်းဆုံး မဖြစ်မနေ မူလတန်းအောင်မြင်ပြီးချိန်ထိ ထားကြပါသည်။

(၂.၄.၁.၂) ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၄၀	၂၆	၆၆	၁၀၁.၅%
အလယ်တန်း (၁၀-၁၄နှစ်)	၁၉	၃၂	၅၁	၅၁.၅%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၇	၅	၁၂	
တက္ကသိုလ်ကျောင်းသား၊သူ	၁၁	၁၄	၂၅	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (ရက်၊ လ၊ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် (၅-၉)နှစ်အရွယ်ကလေး (၆၅)ဦးရှိပြီးကလေး များအားလုံးအခြေခံပညာရေးလက်လှမ်းမှီကြပါသည်။ ကျေးရွာကျောင်းတွင် မူလတန်းပညာသင်ကြားနေသူဦးရေ စုစုပေါင်း (၆၆) ဦးရှိပါသည်။ ကျေးရွာမူလတန်းကျောင်းတွင် ကျောင်းတက်နေသော ကလေးများသည် (၅-၉)နှစ်အရွယ် ကလေးများအပြင် (၉)နှစ်အထက် ကလေးများလည်း ပါဝင်နိုင်ပါသည်။ (၅-၉)နှစ်အရွယ်ကလေးများနှင့် (၁၀-၁၄) နှစ်အရွယ် ကလေးစုစုပေါင်း (၁၆၄)ယောက်ရှိပြီး မူလတန်းနှင့် အလယ်တန်း ကျောင်းတက်နေသူ ကလေးအရေအတွက် (၁၁၇)ယောက် ရှိပါသည်။ အထက်တန်း တက်ရောက်နေသူ (ကျား ၇၊ မ ၅ ဦး စုစုပေါင်း ၁၂) ဦးရှိပြီး၊ တက္ကသိုလ်တက်ရောက်နေသူ ကျား ၁၁ ဦး၊ မ ၁၄ ဦး၊ စုစုပေါင်း ၂၅ ဦးတက်ရောက်နေပါသည်။

(၂.၄.၁.၃) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား (၂၉) စာသင်ကျောင်းဆောင်အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း	အထက်ကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ) သယ်ယူပို့ဆောင်ရေး၀န်ဆောင်မှု စာသင်ကျောင်းအရွယ်အစား(အလျား ၊အနံ၊အမြင့်)	ကျေးရွာအတွင်း ခြေလျင်၊ စက်ဘီး အမြင့်၁၂ပေ၊အနံ၆၀ ပေ၊ အလျား၁၅၀ပေ	ကျေးရွာအတွင်း ခြေလျင်၊ စက်ဘီး အမြင့်၁၂ပေ၊အနံ၆၀ ပေ၊အလျား၁၅၀ပေ	ကျေးရွာအတွင်း ခြေလျင်၊ စက်ဘီး အမြင့်၁၂ပေ၊အနံ၆၀ပေ၊ အလျား ၅၀ပေ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း	အထက်ကျောင်း
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊အုတ်၊အင်္ကတေ	သွပ်မိုး၊အုတ်၊ အင်္ကတေ	သွတ်မိုး၊အုတ်၊ အင်္ကတေ
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ /မရှိ)	ရှိ	ရှိ	ရှိ
ကျောင်းဆရာဦးရေ	ကျား မ ပေါင်း ၄ ၄	ကျား မ ပေါင်း ၅ ၅	က မ ပေါင်း ၁ ၇ ၈

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (ရက်၊ လ၊ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး၊ ကျောင်းဆောင်အခြေအနေ ကောင်းမွန်မှုရှိပြီး၊ ကျောင်းပရိဘောဂများလည်း လုံလောက်မှုရှိပါသည်။ (၁၀)တန်း အောင်ချက် ကျသွားသည့်အတွက်တတ်နိုင်သည့်မိဘများမှ ဘော်ဒါဆောင်များတွင် သွားရောက်အပ်နှံသည့်အတွက် ယခုအခါအထက်တန်း ကျောင်းတွင် ကျောင်းသားများ လျော့နည်းလာပါသည်။ မိဘဆရာအသင်းမှလည်းကျောင်းနှင့်ပူးပေါင်းပါဝင်မှုမရှိဘဲ အမည်ခံအသင်းသာ ဖြစ်နေပါသည်။ ကျေးရွာသားများ အနေဖြင့် ကျောင်းအုပ်ကြီး၊ ကျောင်းဆရာ/မများမှ အတန်းချိန်၊ စာသင်ချိန် စနစ်ကျခြင်းနှင့် မိဘဆရာအသင်းတို့ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်လျှင် (၁၀)တန်း အောင်ချက်ရာနှုန်းကို ပြန်လည်မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြပါသည်။ ကျေးရွာတွင် ဆယ်တန်း အောင်မြင်ပြီး ဘွဲ့ရသူ လူငယ်များမှလည်း (၈၊ ၉၊ ၁၀)တန်းကလေးများကိုအခမဲ့ စာသင်ဝိုင်းများ ပြုလုပ်ကာ ဆယ်တန်း အောင်ချက် ပြန်လည်မြင့်မားလာရန် ကြိုးစားနေကြပါသည်။

(၂.၄.၁.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၁၇ယောက်
တပည့် -ဆရာ အချိုး	၄၂:၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	မူလတန်းအောင်ပြီး အလယ်တန်းကို ဆက်လက်ထားရှိကြ သဖြင့် မူလတန်းပညာ ကျောင်းထွက်နှုန်းနည်းပါးသည်။ ကျေးရွာတွင်း အလယ်တန်းပညာ၊ အထက်တန်းပညာကို လက်လှမ်းမှီပါသည်။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မသန်စွမ်းပညာရေးအတွက် ပညာရေးအစီအစဉ်မရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	နိုင်ငံတော်မှ ထောက်ပံ့၍ လုံလောက်ပါသည်။
ဆင်းရဲသောမိသားစုများအတွက်ကျောင်းစရိတ်မတတ်နိုင်မှု	အနည်းအငယ်သောမိသားစုများသာအခက်အခဲရှိပါသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	မိဘဆရာအသင်းသည် အမည်ခံသာဖြစ်ပြီး အလုပ်မလုပ်၊ အုပ်ချုပ်ရေးမှူးနှင့်သာဆောင်ရွက်ကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် အထက်တန်းကျောင်းရှိသော်လည်း ၁၀ တန်း အောင်ချက်ရာနှုန်းနည်းပါးခြင်း၊ ဆရာ/ဆရာမများ သင်ကြားရေးအားနည်းခြင်း၊ မြို့နယ်နှင့် အလှမ်းဝေးခြင်းစသောအချက်များ ကြောင့် မိဘဆရာအသင်းများ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ရန်လိုပါမည်။

(၂.၅) ကျန်းမာရေးနှင့်အာဟာရ

ဇယား (၃၁) အဖြစ်များသောရောဂါ

၁. သွေးလွန်တုပ်ကွေး	၂.	၃.	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျန်းမာရေးနှင့်ပါတ်သက်၍ ဒီနှစ်ရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များပါသည်။ အခြားရောဂါကြီးကြီးမားမားမဖြစ်ပါ။

(၂.၅.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအ ဝေး(ကီလို)	အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက် သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	၂မိုင်	ရှိ	ကျန်းမာရေးမှူး...၁ သူနာပြု..၁. သားဖွားဆရာမ...၁	လုံလောက်	နွားတော်ကုန်း ကျေးရွာကျေး လက်ကျန်းမာ ရေးဌာန စက်တင်ဘာလ ကုန်မှဆေးရုံဖွင့် ပြီး၀န်ထမ်းများ စက်တင်ဘာလ လယ်မှရောက် မည်။
ဆေးရုံ	ကျေးရွာအ တွင်း	မရှိ	ဆရာ၀န်...၁၊ လက်ထောက် ဆရာ၀န် ၁၊ သူနာပြု သားဖွား ဆရာမ ကျန်းမာ ရေးလုပ်သား	လုံလောက်	
ဆေးဆိုင်	မရှိ	မရှိ	ဆေး၀ါးကျွမ်းကျင် သူမရှိ	ပါရာစီတမော့၊ ဘိုင် အိုဂျက်ဆစ်လောက် သာရရှိနိုင်သည်။	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀၊၁၂ ရက်၊ ဧလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ယခုလက်ရှိ ၁၆ ခုတင်ဆန့်ဆေးရုံဆောက်လုပ်နေပါသည်။ ကျေးရွာအနီးညောင်ဝန်းတောင်ကျေးရွာတွင် ကျန်းမာရေးဆေးခန်းမှ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရယူနိုင်ပါသည်။ ကျေးရွာဆေးရုံအတွက် လိုအပ်သောဝန်ထမ်း၊ လိုအပ်သောပစ္စည်းများ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ် ပါမည်။

(၂.၅.၃) သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၁	ကောင်း	ရှိ	ရှိ	ရှိ	သုံးရေပဲရ

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
အဝီစိတွင်း၊ စက်တွင်း	၁၁၂	ကောင်း	ရှိ	ရှိ	ရှိ	အများသုံးဘုံဘိုင် (၁၂)တွင်းမှ ရေရှိ ရပြီးကျန်တွင်း များသည်သုံးရေရသည်။
ကန်	၁	ကောင်း	ရှိ	ရှိ	ရှိ	သုံးရေရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ သြဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စုများ အနေဖြင့်နှစ်ပါတ်လည် ရေရရှိမှုရှိပြီး၊ သုံးရေနှင့်သောက်ရေပါ ဖူလုံပါသည်။ ကျေးရွာစာသင်ကျောင်း အတွက်လည်း နှစ်ပတ်လည် ရေလုံလောက်မှု ရှိပါသည်။

(၂.၅.၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၂၁၀	၁၀၀% ယင်လုံအိမ်သာ အသုံးပြု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ ရက်၊ သြဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စု (၂၁၀) ရှိသည့်အနက် ယင်လုံအိမ်သာ (၁၈၄)လုံး ရှိပါသည်။ ကျန်အိမ်ထောင်စု (၂၆) စုမှာ ယင်လုံ အိမ်သာကို ပူးတွဲအသုံးပြုသူများ ဖြစ်ပါသည်။ တစ်ကိုယ်ရေသန့်ရှင်း ရေးပြဿနာမရှိပါ။

(၂.၆) လမ်းတံတားတည်ရှိမှု

ဇယား (၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သော နှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်း ရာသီ	တစ်နှစ် ပါတ်လုံး	
ရွာတွင်းလမ်း	၁	ကောင်း	၁၉၈၅ နောက်ပိုင်း		သုံးလို့ ရ	၃ဖာလုံ
ချဉ်းကပ်လမ်း	၁	ဆိုး	၁၉၈၅ နောက်ပိုင်း		သုံးလို့ ရ	၄မိုင်၄ဖာလုံ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ သြဂုတ်လ၊ ၂၀၁၅ နှစ်)

၁။ မြေသားလမ်း ၂။ ကတ္တရာ ၃။ ကျောက်ခင်းလမ်း

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းလမ်းသည် ကောင်းမွန်ပြီး၊ ကျေးရွာမှကျောက်ဆည်သို့ သွားသော လမ်းနှင့် တံတားဦးသို့ သွားသောလမ်းများသည် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာမှတံတားဦး သို့သွားသော ဗျူဟာလမ်းသည် နိုင်ငံတော်မှ ပြုပြင်ရန် အစီအစဉ်ရှိထားပြီး နွေရာသီတွင် တည်ဆောက်မည် ဖြစ်ပါသည်။ ၎င်းလမ်းကို ပြုပြင်ရန် လိုအပ်သကဲ့သို့ လမ်းတံတားများလည်း တည်ဆောက်ရန်လိုအပ်ပါမည်။

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ ပွင့်လင်းရာသီ	တစ်နှစ်လုံး
တံတား	သံကူကွန်ကရစ်(၄)စင်း (အလျား၂၅၀၊ အနံ ၁၇၀ အမြင့် ၂၆၀)	ကောင်း	(၁၉၉၀-တစ်စင်း၊ ၂၀၁၃-သုံးစင်း)		သုံးလို့ရ
ရေပြွန်	အလျား၂၀၀၊အနံ၁၀၀၊ အမြင့် ၁၀၀	ကောင်း	၂၀၁၄ မှာ ၅ခု၊ ၂၀၁၅ မှာ ၄ခု		သုံးလို့ရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ တံတားများသည် ကျေးရွာချင်းဆက်လမ်းသို့ သွားသောတံတားများဖြစ်ကြပြီး နှစ်ပတ်လည်သွား၍ ကောင်းမွန်ပါသည်။ ကျေးရွာတွင်းလမ်းတွင် ရေပြွန်(၉)ခုရှိပြီး (၅)ခုကို ကျေးရွာမှ (၂၀၁၄) ခုနှစ်တွင် ပြုပြင်ထားပြီး ကျန်(၄) ခုကို ၂၀၁၅ ခုနှစ်တွင် ကျေးရွာသားများကိုယ်တိုင် အပြီး လုပ်ဆောင်ရန် စီစဉ်ထားပြီး ဖြစ်ပါသည်။

(၂.၆.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး(ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း ပင်လယ်ရေကြောင်း				

၁ – လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁/၁၂ရက်၊ ဩဂုတ်လ၊၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါ။

(၂.၆.၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော် ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ဘတ်စ်ကား	မြင်းလှည်း
အရေအတွက်			၇၃	၁၅၂	၂		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ သယ်ယူပို့ဆောင်ရေး အနေဖြင့် ကျေးရွာသားများသည် မော်တော်ဆိုင်ကယ်ကိုအသုံးများကြပြီး၊ ညောင်ဝန်း-ကျောက်ဆည်သို့ ကျေးရွာမှ ထော်လာကျီတစ်စီးနှင့် လိုင်းကားတစ်စီး တစ်ရက်ခြားပုံမှန်ပြေးဆွဲပါသည်။ အသွားအပြန် (၁၀၀၀) ကျပ်ပေးရပါသည်။ စိုက်ပျိုးသီးနှံပေါ်ချိန်တွင်နေ့စဉ်နေ့ တိုင်းထွက်ပါသည်။ မန္တလေးသို့ထွက်သော လိုင်းကားတစ်စီးရှိပြီး ကားခအသွားအပြန် (၄၀၀၀)ကျပ် ပေးရပါသည်။ တံတားဦးသို့ ဗျူဟာလမ်းအတိုင်း ဆိုင်ကယ်ဖြင့်သွားကြပါသည်။ ကျေးရွာသားများသည် သယ်ယူပို့ဆောင်ရေး အခက်အခဲ မရှိဘဲ လက်လှမ်းမီကြပါသည်။

(၂.၇) လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
ဆိုလာစနစ်	၆၅	ကောင်း	ကိုယ်ပိုင်များဖြစ်၍ အခက်အခဲမရှိပါ။
ဒီဇယ်သုံးအင်ဂျင်	၁၅၅	သင့်	ရွာပိုင်ဖြစ်သည့်အတွက် ငွေကြေး ကောက်ခံရာတွင် ခက်ခဲခြင်း၊ စက်ထားရန် နေရာ ခက်ခဲခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၂-၁၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ မီးလင်းရေးအတွက်အလှူရှင်မှလှူဒါန်းထားသော ကျေးရွာပိုင်ဒီဇယ်အင်ဂျင်မီးစက်မီးကိုအသုံးပြုကြပါသည်။ ကျေးရွာသားများသည် ကျေးရွာတွင် အ.ထ.က ကျောင်းရှိခြင်းနှင့် ဆေးရုံရှိခြင်းတို့ကြောင့် လျှပ်စစ်မီးရရှိရန် အခွင့်အလမ်းရှိပါသည်။ လျှပ်စစ်မီးအတွက် မီးသွယ်တန်းရန်မိုင်ဝေးခြင်းကြောင့် ကုန်ကျငွေ သိန်း(၁၅၀၀) ကျပ်ခန့် ကုန်ကျမည်ဟု တွက်ချက်ထားကြပါသည်။ ဆိုလာမီးသုံးစွဲသော အိမ်ထောင်စု ၆၅ စုရှိပြီး၊ ပုဂ္ဂလိကသုံးစွဲသူများဖြစ်၍ သေချာစွာ ထိန်းသိမ်းစောင့် ရှောက်မှုကောင်းပါသည်။ အခက်အခဲမှာ မိုးအုံ့သောနေ့များ၊ မိုးရွာသော နေ့များတွင် နေရောင်ခြည်ရရှိမှု နည်းပါး၍ သုံးစွဲရန် ခက်ခဲပါသည်။

(၂.၈) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေ အတွက်	၁၈၂	၉၆	၉၈			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် ဆက်သွယ်ရေးကွန်ယက်ကောင်းမွန်ပါသည်။

(၂.၉) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအားလက်လှမ်းမှီမှု	ရှိ	လှက်ရည်ဆိုင်ရှိသည်။ ဘောလုံးပွဲများ ကြည့်ရှုနိုင်ပါသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	သာရေးနာရေး၊ အလှူပွဲတို့တွင် ကျွေးမွေးဧည့်ခံ၊ သိမ်းဆည်း၊ မဏ္ဍပ်ဆောက် ၊ ရွာဘုံပစ္စည်းသယ်ပို့ဆောင်ခြင်း။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဝတ်ရွတ်ခြင်း၊ တရားပွဲများတွင် ဘုန်းကြီးကြိုပို့၊ စက်ဆင်၊ အလှူခံခြင်း။
အားကစားပစ္စည်းများအားလက်လှမ်းမှီမှု	ရှိ	ဘော်လီဘောကစား၊ မြေလွတ်များတွင် ဘောလုံးကစား၊ ခြင်းလုံးကစားခြင်း။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	စာကြည့်တိုက်မှူးအဖြစ်ဆောင်ရွက်ကြခြင်း၊ မီးထိမ်းသိမ်းရေးတွင် ပါဝင်ခြင်း၊ ပညာဒါနအဖြစ် စာသင်ဝိုင်းပြုလုပ်ခြင်း။

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	နွေရာသီတွင်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ခြင်း။
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာစာကြည့်တိုက်ကို ပိတ်ရက်မရှိ ဖွင့်လှစ်၊ ပေါ်ပြူလာ၊ အာရောဂျ အပါတ်စဉ်ဂျာနယ်နှင့် သုတ၊ရသစာအုပ်စုံရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ လူငယ်များသည် အားကစားပွဲများ၊ သာရေးနာရေး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရှိကြပါသည်။

(၂.၁၀) ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအား လက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာအနီးတွင် အော်ရီဒူး၊ တယ်လီနော တာဝါတိုင်ရှိ ၊ ညောင်ဝန်းရွာတွင် တယ်လီနော တာဝါတိုင် ဆောက်လုပ်ရန်ရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များ မရှိပါ။ လက်လှမ်းမမှီပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်	ရှိ	အရံမီးသတ်တပ်ဖွဲ့ရှိပြီး၊ မီးကင်းလှည့်၊ မီးချိတ်၊မီးကပ်၊ သဲအိတ်ရေအိတ်ထားရှိကြခြင်း၊အသံချဲ့စက်နှင့် နေ့တိုင်းလှုံ့ဆော်ပေးခြင်း၊ မနက်(၉)နာရီနှင့်ညနေ(၆) နာရီ အတွင်း ထမင်းဟင်းချက်စေပြီး၊ လှည့်လည်စစ်ဆေးပါသည်။
ရဲစခန်းများအား လက်လှမ်းမှီမှု	မရှိ	အနီးဆုံးသည် ချောင်းခွရဲစခန်း ဖြစ်ပြီး ကျေးရွာနှင့် (၂၅) မိုင်ကွာဝေးပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာလုံခြုံရေးအတွက် ချောင်းခွကျေးရွာနယ်မြေရဲစခန်းအတွင်းရှိပြီး၊ ဆက်သွယ်မှုကွန်ယက်ကောင်းပါသည်။ ကျေးရွာအရံမီးသတ်အဖွဲ့ရှိပြီး ကျေးရွာဘေးကင်းလုံခြုံရေး လုပ်ဆောင်ပါသည်။

(၂.၁၀.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မပြင်းထန်	မပြင်းထန်	မပြင်းထန်	မပြင်းထန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသမိုင်းကြောင်းတစ်လျှောက်အရ စိုးရိမ်ရသည့် ပြစ်မှုများမရှိဖူးပါ။ ကျေးရွာတွင်း နေထိုင်သူများသည် အစဉ်အဆက်အရ နေလာခဲ့ကြသော မိသားစုနွယ်များ ဖြစ်သည့်အတွက် ပြဿနာကြီးကြီးမားမား တစ်စုံတစ်ရာ ဖြစ်ပေါ်လေ့မရှိပါ။

၃။ ကျေးရွာဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ

အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာတွင် စွမ်းဆောင်ရည်ရှိသော၊ ပရဟိတစိတ်အပြည့်ဖြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်တတ် ကြွကြွ လုပ်ဆောင်နေသောလူငယ်များရှိခြင်း
၂။ စိုက်ပျိုးရေး (သီးနှံ)	ကျေးရွာတွင် လယ်ယာမြေဧကများစွာရှိခြင်း။ လယ်ယာသုံးကိရိယာ၊ ကျွဲနွားပြည့် စုံခြင်း။ စိုက်ပျိုးရေးအတွက် အဆင်ပြေရန် မိုးရေလှောင်ကန်များပြုလုပ်အသုံးပြုနေခြင်း။ နွားဆိတ်များ အဓိကထားမွေးမြူကြ၍ နွားချေးမြေဩဇာပေါများစွာရှိခြင်း။ အရင်းအနှီးအတွက် ကျေးလက်၊ စိုက်ဘဏ်များနှင့် ချိတ်ဆက်နေခြင်း။
၃။ မွေးမြူရေး	မွေးမြူရေးတိရစ္ဆာန်များ မွေးမြူရန်အစာရေ ပေါများခြင်းမွေးမြူရေး ထုတ်ကုန်များ ရောင်းချရန် ဈေးကွက်ရှိခြင်း။ ကာကွယ်ဆေး၊ ကုသဆေးများ အသုံးပြုရန် လက်လှမ်းမှီခြင်း။ အခြေခံမွေးမြူရေး စောင့်ရှောက်မှုအတွက်ကျေးရွာ အတွင်း မွေးမြူရေးလုပ်သား ၁ ဦး ရှိခြင်း။ တနိုင်တပိုင်၊ စီးပွားဖြစ် တိုးချဲ့မွေးမြူရန် အိမ်ခြံဝန်း မြေ နေရာကျယ်ဝန်းခြင်း။ ကျေးရွာအတွင်း ဆိတ်၊ နွားများစီးပွားဖြစ် မွေးမြူနေ သူများ ရှိခြင်း။
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်း များ	ဒေသထွက် ကုန်ကြမ်းအခြေခံ မုန့်ကြော်လုပ်ငန်း တို့ဟူးခြောက်၊ကျောက်ဖရုံယိုလုပ်ငန်းများသည် ကျေးရွာအတွင်းနှင့်နီးစပ်ရာမြို့နယ်ကျေးရွာများတွင်ဈေးကွက်အခိုင်အမာရှိခြင်း။
၅။ ပညာရေး	ပညာရေးအတွက်ကျေးရွာအတွင်းအထက်တန်းကျောင်းရှိနေခြင်းကြောင့် ကလေးသူငယ်များ ပညာရေးလက်လှမ်းမှီခြင်း။ ဆရာ၊ ဆရာမ အင်အားပြည့်စုံခြင်း။
၆။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	ကျေးရွာအတွင်း ကျေးရွာလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်နိုင်သော လူစွမ်းအားရှိခြင်း။ တရုတ်လုပ်ငန်းရှင်များကမြေငှား၍ ဖရဲသခွားမွေးစိုက်ပျိုး၍ အလုပ်အကိုင် အခွင့်အလမ်းရခြင်း။ လူငယ်လူရွယ်များစာပေဗဟုသုတရှာမှီးနိုင်ရန် ကောင်းစွာလည်ပတ်နေသော စာကြည့်တိုက်ရှိခြင်း
၇။ ကျန်းမာရေး၊ သောက်သုံးရေ	ကျေးရွာတွင် ခုတင် ၂၀ ခန့် ဆေးရုံဆောက်လုပ်နေခြင်း၊ သောက်သုံးရေ လုံလောက်ခြင်း
၈။ လျှပ်စစ်စွမ်းအား	ကျေးရွာပိုင်မီးစက်ရှိခြင်း။ ကျေးလက်ဌာန၏ ဦးစားပေးလုပ်ငန်း ဖြစ်နေခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်များ လုပ်ဆောင်နေသော ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် နေခြင်း။ ကျေးရွာတိုက်နယ်ဆေးရုံဆောက်လုပ်နေခြင်း ကြောင့် လျှပ်စစ်မီးရရန် အခွင့်အလမ်းများခြင်း။ ကျေးရွာသူ/သားများ ၏ ဦးစားပေး လုပ်ငန်းဖြစ်နေခြင်း။
၉။ ဆက်သွယ်ရေး	ကျောက်ဆည်ခရိုင်ချင်းဆက်လမ်း နီးကပ်စွာရှိခြင်း၊ ရန်ကုန်မန္တလေးလမ်းမကြီးနှင့် နီးစပ်ခြင်းကြောင့်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာအတွင်း အဖွဲ့အစည်းများရည်ရွယ်ချက်တာဝန်များသတ်သတ်မှတ်မှတ် မရှိခြင်း။ အုပ်ချုပ်ရေးမှူးကိုသာ အားကိုးခြင်း။
၂။ စိုက်ပျိုးရေး (သီးနှံ)	နှစ်စဉ်ဆက်တိုက် စိုက်ပျိုးလာမှုကြောင့် စိုက်ပျိုးမြေများ မြေဆီဩဇာလျော့နည်းလာခြင်း။ သီးနှံစျေးနှုန်းအတက်အကျများခြင်း။ ပိုးမွှားရောဂါကျရောက်မှုများ၍ အထွက်နှုန်း လျော့နည်းလာခြင်း။ကျေးရွာသူသားများလက်လှမ်းမှီနိုင်သော အတိုးနည်းသော ချေးငွေမူဝါ ဒကောင်းစွာ မရှိခြင်း။(ဗဟိုအဆင့်)
၃။ မွေးမြူရေး	မွေးမြူရေးတိရစ္ဆာန်များ လွတ်ကျောင်းရန်စားကျက်နည်းပါးခြင်း။မွေးမြူရေးလုပ်ငန်း တိုးချဲ့မွေးမြူရန် အရင်းအနှီးအတွက်ချေးငွေမူဝါ ဒများမရှိခြင်း

အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ	မိုးရာသီတွင် ယိုလုပ်ငန်း၊ မုန့်ခြောက်လုပ်ငန်းထုတ်လုပ်မှုမလုပ်နိုင်ခြင်း။ အသေးစားလုပ်ငန်းများအတွက်ချေးငွေဆိုင်ရာလက်လှမ်းမမီခြင်း(မူဝါ ဒပိုင်း) ဈေးကွက်တွင် လုပ်ငန်းရှင်ကြီးများကိုမထိုးဖောက်နိုင်ခြင်း၊ မယှဉ်ပြိုင်နိုင်ခြင်း
၅။ ပညာရေး	ပညာရေး ဖွံ့ဖြိုးတိုးတက်မှု စစ်ဆေးရန် ပညာရေးအကဲအဖြတ်အဖွဲ့ လာရောက်ရန်မြို့နယ်နှင့်ဝေးခြင်း။ တက်နိုင်သူမိဘများက မြို့နယ်၊ အခြားအောင်ချက်ကောင်းသောကျေးရွာများသို့တက်ရောက်စေခြင်းကြောင့် ကျေးရွာ ၁၀ တန်းအောင်ချက်ရာနှုန်း တိုးတက်ရန် ပါဝင်မှုနည်းခြင်း
၆။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	လူငယ်များ သည် အင်တာနက်လိုင်းမှ တစ်ဆင့် ဗဟုသုတရှာမှီးရန်ထက် အခြားဂိမ်းများကိုသာ စိတ်ဝင်စားခြင်း၊
၇။ ကျန်းမာရေး၊ သောက်သုံးရေ	ဆေးရုံဖွင့် လှစ်နိုင်သော်လည်း အခြားဝန်ဆောင်မှု၊ ဝန်ထမ်းများ၊ မပြည့်စုံခြင်း၊ လျှပ်စစ်မီးမရသေးခြင်း
၈။ လျှပ်စစ်စွမ်းအား	ကျေးရွာသည် ဆင်းရဲကြ၍ အများစုသည်မီးကြေးကောက်ခံရာတွင်ခက်ခဲခြင်း။ ဒီဇယ်အင်ဂျင်အသုံးပြုရ၍ လစဉ်အသုံးပြုစရိတ်၊ ထိန်းသိမ်းစရိတ်မြင့်မားခြင်း။ လျှပ်စစ်မီးသွယ်တန်းရန် ပင်မလျှပ်စစ်ဓါတ်အားလမ်း ကြောင်းနှင့် မနီးခြင်း။
၉။ ဆက်သွယ်ရေး	လမ်းပိုင်းပြင်ဆင်ရန်နည်းပညာ၊ ကုန်ကျစရိတ်မြင့်မားခြင်း။ ကျေးရွာအနေဖြင့်မတတ်နိုင်ခြင်း။ မိုးရာသီတွင် ရွာချင်း ဆက်လမ်းသည် မြေသား လမ်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း။

ဇယား (၄၅) ညောင်ပန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	ဖြစ်ရသောအကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သောနည်းလမ်း
၁။ စီမံအုပ်ချုပ်မှုကဏ္ဍ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုအားနည်းခြင်း။ အဖွဲ့အစည်း များ လုပ်ငန်းတာဝန်များကို သီးခြား လုပ်ဆောင်နေခြင်း။	ကျေးရွာရှိအဖွဲ့အစည်းများ သည် လုပ်ငန်းလိုအပ်ချက်အရသာဖွဲ့စည်းထားခြင်း။ အဖွဲ့ဝင်များတာဝန်ယူမှု အားနည်းခြင်း။ ဖွံ့ဖြိုးရေး သဘော တရားများကျေးရွာအတွင်းအားနည်း ခြင်း၊ မသိခြင်း။	စွမ်းဆောင်ရည်ရှိ သော လူငယ်များ ရှိခြင်း	အဖွဲ့အစည်းများ ရည်ရွယ်ချက်တာဝန်များ သတ်သတ်မှတ်မှတ်မ ရှိခြင်း။ အုပ်ချုပ်ရေးမှူး ကိုသာအားကိုးခြင်း။	အဖွဲ့အစည်းများစီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်တင်ရန်။	ကျေးရွာကော်မတီဖွဲ့စည်းဆောင်ရွက်ရန်။ ဖွံ့ဖြိုးရေးသဘော တရားများ အသိများမိတ်ဆက်ရန်။ အဖွဲ့အစည်း ဆိုင်ရာစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်တင်မှုသင်တန်းများ ဖန်တီးရန်။
၂။ စိုက်ပျိုးရေး (သီးနှံ) သီးနှံအထွက်နှုန်းထုတ်လုပ်မှုကျဆင်း/လျော့နည်းခြင်း။ (နှမ်း၊မြေပဲ၊ စပါး) စိုက်ပျိုးရေးအရင်းအနှီးမလုံလောက်ခြင်း။	ရာသီဥတုမမှန်၊ မိုးခေါင်ရေရှားခြင်း။ မိုးကောင်းသောက်ဖြစ်ခြင်း။ လုပ်သားရှားပါးခြင်း။ လုပ်သားဈေးနှုန်းမြင့်မား ခြင်း။ မျိုးကောင်းမျိုးသန့်လက်လှမ်းမမှီခြင်း။(နှမ်း၊မြေပဲ) အတိုးနှုန်းနည်းနည်းချေးငွေရ မည့်နေရာနည်းပါးခြင်း။မလုံလောက်ခြင်း။ ဈေးကွက်လက်လှမ်းမှီမှုခက်ခဲခြင်း	လယ်ယာမြေဧကများစွာ ရှိခြင်း။ လယ်ယာသုံးကိရိယာ၊ ကျွဲနွားပြည့်စုံ ခြင်း။ မိုးရေလှောင်ကန်များ ပြုလုပ်အသုံးပြုနေ ခြင်း နွားချေးမြေဩဇာပေါများစွာရှိခြင်း။ ကျေးလက်၊ စိုက်ဘဏ်များနှင့်ချိတ်ဆက်နေခြင်း။	စိုက်ပျိုးမြေများမြေဆီညီဩဇာလျော့နည်းလာခြင်း။ ဈေးနှုန်းအတက်အကျများခြင်း။ လမ်းပန်းဆက် သွယ်ရေးခတ်ခဲ ခြင်း။ ပိုးမွှားရောဂါကျ ရောက်ခြင်း။ ချေးငွေမူဝါဒကောင်းစွာမရှိခြင်း။(ဗဟိုအဆင့်)	စိုက်ပျိုးရေ လုံလောက်စွာ ရရန်ဆောင် ရွက်ရန်။ စိုက်ပျိုးရေးနည်းပညာ ရရန်ချိတ်ဆက်ရန်။ ချေးငွေ လုံလောက်စွာ ရနိုင်ရန် ချိတ်ဆက်ရန်။	စိုက်ပျိုးရေးအတွက် မြေအောက်ရေတူးဖော်စမ်းသပ်စိုက်ပျိုးခြင်း၊ မိုးရေလှောင်ကန်များပြုပြင်သုံးစွဲရန်။ စိုက်ပျိုးရေးနည်းပညာများစိုက်ပျိုးရေး၊ပုဂ္ဂလိကကုမ္ပဏီ၊ စိုက်ပျိုးရေးဝန်ဆောင်မှုပေးသောအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ ဒေသနှင့်ကိုက်ညီသောမျိုး၊ သီးနှံများပြောင်းလဲစိုက်ပျိုးရန်။ သဘာဝမြေဩဇာပြုလုပ်နည်းများ လုပ်ဆောင်ရန်။ ချေးငွေအတွက်ကျေးလက်သမ၊ အခြားချေးငွေအဖွဲ့အစည်းများနှင့်ချိတ်ဆက်လုပ်ဆောင်ရန်။
၃။ မွေးမြူရေး တနိုင်တပိုင်မွေးမြူရေး တိရစ္ဆာန်များကိုတိုးချဲ့မမွေးမြူနိုင်ခြင်း။	တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန်ရင်းနှီးငွေ မလုံလောက်ခြင်းတိရစ္ဆာန်မျိုးကောင်းမျိုး သန့်များလက်လှမ်းမမှီခြင်း၊ ဒေသတွင်းမွေးမြူသော	အစာရေ ပေါများခြင်း မွေးမြူရေး ထုတ်ကုန်များ ရောင်းချရန် ဈေးကွက်ရှိခြင်း။ ကာကွယ်ဆေး၊ ကုသ	မွေးမြူရေးတိရစ္ဆာန်များ လွတ်ကျောင်း ရန် စားကျက်နည်း ပါး ခြင်း။ မွေးမြူရေး ချေးငွေ မူဝါဒများ မရှိခြင်း	တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူ လာ၍ မိသားစုဝင်ငွေတိုးလာစေ ရန်	တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရန် ချေးငွေများရရှိရန် ချိတ်ဆက်ရန် (သမ၊ မြစိမ်းရောင်) မွေးမြူရေးနည်းပညာ၊ ကုသဆေး၊

ပြဿနာ	ဖြစ်ရသောအကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သောနည်းလမ်း
	တိရစ္ဆာန်များသည် မျိုးကောင်းမဟုတ်၍ ဖြစ်ထွန်းမှု နည်းပါးခြင်း	ဆေးများ လက်လှမ်းမှီခြင်း။ ကျေးရွာအတွင်း မွေးမြူရေးလုပ်သား ၁ ဦး ရှိခြင်း။ မွေးမြူရန် အိမ်ခြံဝန်း မြေနေရာရှိခြင်း။ ကျေးရွာအတွင်း ဆိတ်၊ နွားများ စီးပွားဖြစ် မွေးမြူနေ သူများ ရှိခြင်း။			ကာကွယ်ဆေးများ ရရှိလာစေရန် (တိကု)။ မွေးမြူရေး မျိုးကောင်းမျိုးသန့် များ ဝယ်ယူနိုင်ရန် တိကုဌာနများ နှင့် အကူအညီယူ ဝယ်ယူရန်
၄။ စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ လုပ်ငန်းတိုးချဲ့ရန်အရင်း အနှီးမလုံလောက်ခြင်း၊ နည်းပညာလက်လှမ်းမမှီခြင်း (ကျောက်ဖယုံယို၊ တို့ဟူးခြောက်လုပ်ငန်း)	ကုန်ကြမ်းဈေးကြီးခြင်း၊ အပိုဝယ်ယူခြင်းသိုလှောင် ခြင်းမပြုလုပ်နိုင်ခြင်း။ ဈေးကွက်ကိုပုံမှန်မပို့နိုင်ခြင်းအလုံအလောက်မပို့နိုင်ခြင်း။ လုပ်ငန်းတိုးချဲ့ရန်နည်းပညာလက်လှမ်းမမီခြင်း။ လုပ်ငန်းသုံးလောင်စာထင်းရှားပါးခြင်း။	ကျေးရွာအတွင်းနှင့် နီးစပ်ရာမြို့နယ်ကျေးရွာများတွင်ဈေးကွက်အခိုင်အမာရှိခြင်း။ ကုန်ကြမ်းပေါများခြင်း (ပဲမျိုးစုံ)	မိုးရာသီတွင် ထုတ်လုပ်မှုမလုပ်နိုင်ခြင်း။ အသေးစား လုပ်ငန်းများအတွက်ချေးငွေဆိုင်ရာလက်လှမ်းမမှီခြင်း (မူဝါ ဒပိုင်း)ဈေးကွက်တွင် လုပ်ငန်းရှင်ကြီး များကို မထိုးဖောက်နိုင်ခြင်း။	ဒေသအခြေခံ စီးပွားရေး လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ရန် ချိတ်ဆက် ခြင်း	လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရန် ကျေးလက်၊အခြားလုပ်ငန်းရှင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်း၊ များနှင့် ချိတ်ဆက်ရန်။ နည်းပညာပံ့ပိုးမှုအတွက်ချိတ်ဆက်ရန်။(အသက်မွေးဝမ်းကျောင်းသင်တန်းများချိတ်ဆက်ခြင်း။) ဈေးကွက်ဆိုင်ရာသဘောတရား များကိုလုပ်ငန်းရှင်၊ဌာနပိုင်းဆိုင်ရာမူဝါဒပိုင်းအရလုပ်ဆောင်ရန်။ (ဆွေးနွေးပွဲ၊ဖိုရမ်များပြုလုပ်ခြင်း)
၅။ ပညာရေး မြို့နယ်အဆင့် တွင် ပညာရေးအောင်ချက်ရာခိုင်နှုန်းနည်းပါးခြင်း။ (၁၀တန်း)	မိဘဆရာချိတ်ဆက်မှုပူးပေါင်းပါဝင်မှုအားနည်းခြင်း။ ဆရာဆရာမများသင်ကြားမှုပိုင်းဆိုင်ရာအားနည်းခြင်း။ တာဝန်ယူဦးဆောင်ဖြေရှင်း မည့်သူမရှိခြင်း။	ကျေးရွာအတွင်းအထက်တန်းကျောင်း ရှိနေခြင်း။ ဆရာ၊ ဆရာမအင်အား ပြည့်စုံခြင်း။ အထက်တန်းပြများ ခန့်ထားခြင်း။	ပညာရေးအကဲအဖြတ်အဖွဲ့ လာရောက်ရန်မြို့နယ်နှင့်ဝေးခြင်း။ တက်နိုင်သူမိဘများက မြို့နယ်၊ အခြားအောင်ချက် ကောင်းသော ကျေးရွာများသို့တက် ရောက်စေခြင်း။	ကျေးရွာ ၁၀ တန်းအောင်ချက်မြင့်မားလာ၍ ပညာရေး ဖွံ့ဖြိုးတိုးတက်လာစေရန်။ အမှန်တကယ် လုပ်ဆောင်နိုင်သောမိဘဆရာအသင်းဖွဲ့စည်းရန်။ မိဘဆရာညှိနှိုင်းဆောင်ရွက်ရန်။	မိဘဆရာအသင်းဖွဲ့စည်းလုပ် ဆောင်ရန် (ဖွဲ့စည်းပုံအရ သာမဟုတ်ပဲ) ကျောင်းအုပ်ဆရာ/မ၊သင်ကြားရေးဆရာ/မများနှင့် ဆွေးနွေးရန်။ မြို့နယ်ပညာရေးမှူးသို့စာတင်ပြရန်။ ကျေးရွာလူထုစည်းရုံးလှုံ့ဆော်ရန်။ မိဘဆရာဆွေးနွေးတိုင်ပင်ခြင်း နှင့် ပညာရည်ချွန်ဆုပေးပွဲ

ပြဿနာ	ဖြစ်ရသောအကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သောနည်းလမ်း
					များလုပ်ဆောင်ရန်။ မြို့နယ်မှဆန်းစစ်အကဲဖြတ်လုပ်ဆောင်ရန်။(ပညာရေး)
၆။ ဆက်သွယ်ရေး မိုးရာသီတွင် ရွာတွင်းရွာပြင်သွားလာရခက်ခဲခြင်း။ (ညောင်ဝန်းမှ ကျောက်ဆည်၊တံတားဦးမြေသား၊ကျောက်ခင်းလမ်း)	ကျေးရွာအတွင်းရေနှုတ်မြောင်း၊ရေပြွန်များပျက်စီးနေခြင်း။ ရေစီးမကောင်းခြင်း။ လမ်းများမြေသားလမ်းဖြစ်၍ မိုးများရေတိုက်စား၊လှည်း နွားများအသွားအလာများ၍ ကျင်းချောက်တွေဖြစ်၊ ဗွက်ထခြင်းကြောင့် ကုန်စည်ပို့ဆောင်ရန်၊သွားလာရန်ခက်ခဲပါသည်။	ကျေးလက်ဦးစီးဌာနဖြင့် ချိတ်ဆက်နေခြင်း။ ခရိုင်ချင်းဆက်လမ်း ၂ ၊၃ ရန်ကုန်မန္တလေး လမ်းမကြီးနှင့်နီး စပ်ခြင်း။	လမ်းပိုင်းပြင်ဆင်ရန်နည်းပညာ၊ ကုန်ကျစရိတ်မြင့်မားခြင်း။	ကျေးရွာလူထုများကုန်စည် ထုတ်လုပ်ရောင်းဝယ်ကောင်းမွန်လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ရန် ဆောင်ရွက်ခြင်း အတွက်ကျေးလက်ဌာန သို့စာတင်ရန်။ ဒေသတွင်းလွတ်တော်ကိုယ်စားလှယ်သို့တင်ပြရန်။	ကျေးရွာအတွင်းရေပြွန်၊ ရေနှုတ်မြောင်းများပြုပြင်ရန်။ ကျေးရွာလူထုကိုစည်းရုံးအကောင်အထည်ဖော်ရန်။ ညောင်ဝန်းကျောက်ဆည်လမ်း(မြေသားလမ်း) ၊ ကျေးရွာမှ နွားတော်ကုန်းသွားလမ်း၊ တံတားများ ပြုပြင်တည်ဆောက်ရန်အတွက် ဒေသတွင်းလွတ်တော်ကိုယ်စားလှယ်၊ကျေးလက်ဌာန၊ ဆုံးဖြတ်နိုင်သောသူများကို စာတင်ပြ တောင်းဆိုရန်။
၇။ လျှပ်စစ်မီး ကျေးရွာအိမ်ထောင်စု ၈၀ ကျော်အင်ဂျင်မီးစက်မှမီးမရရခြင်း။ လျှပ်စစ်မီးလက်လှမ်းမမှီခြင်း မီးစက်ပြုပြင်ထိန်းသိမ်းရေးအခက်အခဲရှိခြင်း။	ဆင်းရဲသားမိသားစုများဖြစ်၍ မီးသွယ်စရိတ် မတက် နိုင်ခြင်း။ အနီးစပ်ဆုံးအိမ်အထိ လမ်းမီးတိုင်မရှိခြင်း။ ပေးဆောင်ရန်မီးကြေးစရိတ် မြင့်မားခြင်း။ မီးစက်ထားရှိရန် နေရာ မရှိခြင်း။ အဆောက် အဦမရှိခြင်း	ကျေးရွာပိုင်မီးစက်ရှိခြင်း။ ကျေးလက်ဌာန၏ဦးစားပေးလုပ်ငန်းဖြစ်နေခြင်း၊ ချိတ်ဆက်နေခြင်း။ ကျေးရွာတိုက်နယ်ဆေးရုံရှိ၍ မီးရရန် အခွင့်အလမ်းရှိ ခြင်း။ ကျေးရွာသူ/သားများ၏ဦးစားပေးလုပ်ငန်းဖြစ်နေခြင်း။	မီးကြေးကောက်ခံရာတွင်ခက်ခဲခြင်း။ လစဉ်အသုံးပြုစရိတ်၊ ထိန်းသိမ်း စရိတ် မြင့်မားခြင်း။ လျှပ်စစ်မီးသွယ်တန်းရန် ပင်မလျှပ်စစ်ခါတ်အား လမ်းကြောင်းနှင့်မနီးခြင်း။	ကျေးရွာအိမ်ထောင်စုအားလုံးလျှပ်စစ်မီးလင်းရန် ကျေးလက်ဌာနသို့စာတင်ရန်။ မြို့နယ်လျှပ်စစ်လုပ်ငန်းကိုတရားဝင်စာတင်ရန်။ ဒေသတွင်လွတ်တော်ကိုယ်စားလှယ်၊အရေးကြီးပုဂ္ဂိုလ်တို့အားတင်ပြရန်။	မီးလင်းရေးကော်မတီဖွဲ့စည်းရန် လျှပ်စစ်မီးသွယ်တန်းရန် နည်းပညာ၊ မတည်ငွေများ ရရန် ကျေးလက်ဦးစီးဌာနသို့စာတင်ပြချိတ်ဆက်ရန်။ ကျေးရွာအတွင်း အိမ်ထောင်စုများ လျှပ်စစ်မီးလင်းရန် မတည်ငွေများ ကောက်ခံခြင်း လိုအပ်သောမတည်ငွေများကို ကျေးလက်ဖွဲ့ဖြိုးရေးဘဏ်များထံတင်ပြတောင်းဆိုခြင်း မြို့နယ်လျှပ်စစ်၊ လွတ်တော်ကိုယ်စားလှယ်၊တို့အားတင်ပြတောင်းဆိုရန်။ ကျေးရွာလူထုကိုစည်းရုံးလှုံ့ဆော်ရန်။ မီးစက်အဆောက်အဦးတည်ဆောက်ရန်။

ပြဿနာ	ဖြစ်ရသောအကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သောနည်းလမ်း
၈။ လူငယ်၊ယဉ်ကျေးမှု လူငယ်များအလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း	စိုက်ပျိုးရာသီမဟုတ်ချိန်၊ မိုးခေါင်ချိန်များတွင် ပြင်ပသို့သွားရောက်လုပ်ကိုင်ရခြင်း။ အခြေခံကျွမ်းကျင်မှုနည်းပါးခြင်း	ကျေးရွာအတွင်းလုပ်ငန်းဆောင်ရွက် နိုင်သောလူစွမ်းအားရှိခြင်း။ တရုတ်လုပ်ငန်းရှင်များကမြေငှား၍ ဖရဲသခွားမွေးစိုက်ပျိုး၍အလုပ်အကိုင်အခွင့်အလမ်းရခြင်း။	ကျေးရွာအဆင့်တွင် အလုပ်အကိုင်အခွင့်အလမ်းများမဖန်တီးပေးနိုင်ခြင်း၊ အကန့်အသတ်နဲ့သာ ရှိခြင်း	အသက်မွေးဝမ်းကျောင်းသင်တန်းများချိတ်ဆက်ဆောင်ရွက်ပေးရန်။ အလုပ်အကိုင်အခွင့်လမ်းဖန်တီးပေးရန်။	ဆံပင်ညှပ်၊စက်ချုပ်၊ခေါင်းလျော်ရည်ပြုလုပ်နည်း၊ သင်တန်းများ နှင့် ချိတ်ဆက်ပေးရန်။ ရှိပြီးသားလုပ်ငန်းများတိုးချဲ့နိုင်ရန် နှင့်အလားအလာရှိသောလုပ်ငန်းများ ဖန်တီးရန်။

ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်းဒေသကြီး / ပြည်နယ်	- - - -
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ……(ငွေသား) • ……(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့်ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ- ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ